# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၁၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**






**"ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ"**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ ( Pali-Myanmar) ၊ ပါဠိ - ရိုမန် ( Pali-Roman)အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ်(Creamy Coated Paper) တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျ စိစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်း**အား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံ လျှင်(၂၀ သိန်း)**ကျပ်နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် ၊ ဖုန်း – ၀၉၄၂၉၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၁၆

ရတနာပုံ
၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်
အယ်ဒီတာ့အာဘော်

# စာပေနှင့် အားကစားထူးချွန်မောင်မယ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ အဆိုပါ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ပါဝင်ပေသည်။ ထို့ကြောင့် ပြည်သူများ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားများ လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရည်မြင့်မားရေးအတွက် စာကြိုးစားကြရမည့်အပြင် ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍများတွင် ပါဝင်လှုပ်ရှားကြရမည်ဖြစ်ပေသည်။

အားကစားကဏ္ဍများ၌ ပါဝင်လှုပ်ရှားရာတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်ဖြစ်အောင် ထက်သန်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်သည်။ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကိုအလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးသည် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေးကောင်းကျိုးပင်ဖြစ်သည်။ ထိုမှတစ်ဆင့် အသင်းအဖွဲ့နှင့်ကစားရသည့် ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကို ရရှိစေသည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် အဆိုပါစိတ်ဓာတ်များရရှိစေရန် လိုပေသည်။

ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပညာရေးတွင် ထူးချွန်နေရုံနှင့် မပြည့်စုံ၊ ကျန်းမာကြံ့ခိုင်မှုလည်း ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်သူဖြစ်ရန်အတွက် နှစ်သက်ရာအားကစားကဏ္ဍတစ်ခုခုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်သည်။ အားကစားတွင်လည်း ထူးချွန်နေမည်ဆိုပါက ဘက်စုံထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူလူငယ်များအဖြစ် အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပခဲ့ပြီး ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် အဆိုပါအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများကို တစ်သင်းလျှင် ငွေကျပ်သိန်း ၅၀ စီကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့သည်။

သို့ဖြစ်ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်မှစ၍ ပြိုင်ပွဲတွင် အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးသွားပါက အခြေခံကျောင်းသားများ တက္ကသိုလ်တက်ရောက်ချိန်တွင် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပညာရည်ထူးချွန်ရုံသာမက နိုင်ငံ့လက်ရွေးစင်ထူးချွန်အားကစားသမားများ၊ ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံ ၈၀၀၀ ကျော်ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးပြီးဖြစ်



**မန္တလေး ဇန်နဝါရီ ၃၁**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံ ၈၀၀၀ ကျော်ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းဆွေက ပြောပြ၍ သိရသည်။

လျှပ်စစ်သုံးစွဲ၍ လုပ်ငန်းများပြုလုပ်သော နေရာတိုင်းတွင် အန္တရာယ်များရှိနိုင်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်း စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စက်ရုံ၊ အလုပ်ရုံ ၆၀၀၀ ကျော်ကို လျာထားစစ်ဆေးခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီလမှ ယနေ့ထိ စက်ရုံ၊ အလုပ်ရုံ ၈၀၀၀ ကျော် စစ်ဆေးပြီးဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးကို ဌာနကနေ ဆောင်ရွက်ပါတယ်။ လျှပ်စစ်သုံးစွဲတဲ့နေရာတိုင်းမှာ အန္တရာယ်တွေရှိနိုင်တာကြောင့် ဘက်ပေါင်းစုံကနေ စစ်ဆေးဆောင်ရွက်ပါတယ်။ မီးဘေးအန္တရာယ်မဖြစ်စေဖို့အတွက် လုပ်ငန်းတွေကနေ ဌာနကို ကမ်းလှမ်းပြီးတော့ စစ်ဆေးပေးပါဆိုတဲ့ အဆိုပြုလွှာ လိုပါတယ်။ လျှောက်ထားသူတွေ များလာပါတယ်။ စစ်ဆေးတဲ့အခါမှာလဲ ဦးစီးဌာနအောက်မှာရှိတဲ့ လျှပ်စစ်စစ်ဆေးရေးဌာနကနေပြီးတော့မှ တာဝန်ယူစစ်ဆေးတာရှိပါတယ်။ နှစ်စဉ်စစ်ဆေးတဲ့အခါမှာလဲ လျာထားချက်ထက် ကျော်လွန်စစ်ဆေးနိုင်ခဲ့ပါတယ်"ဟု ဦးမျိုးထွန်းဆွေက ပြောပြသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးကြရာတွင် စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ အများပြည်သူအသုံးပြုသည့် ဈေးကြီးများ၊ ရုပ်ရှင်ရုံကြီးများ၊ ဓာတ်လှေကား၊ စက်လှေကားများ၊ ဂဟေဆော်စက်များ၊ အဆောက်အအုံများနှင့် စက်ရုံများအတွင်း၌ လျှပ်စစ်သွယ်တန်းခြင်းများ စသည့်နေရာများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။ (၁၈၅)

# အောင်မြေသာစံမြို့နယ်တွင် လူမှုဖူလုံရေးအာမခံ အကျုံးဝင်မှတ်ပုံတင်ထားရှိသူ ဦးရေ ၈၇၀၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ အလုပ်ရုံများနှင့် ဌာနများမှ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူအလုပ်သမားဦးရေ ၈၇၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ကို သက်ဆိုင်သည့်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများက ထားရှိကြကြောင်း၊ ထိုသို့ ထားရှိကြရာတွင် အောင်မြေသာစံမြို့နယ်ရှိ အလုပ်ဌာနပေါင်း ၁၀၀၀ မှ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူမှာ ယနေ့ထိ အလုပ်သမားဦးရေ ၈၇၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"တိုင်းဒေသကြီးအတွင်း အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ကို ထားရှိကြပါတယ်။ ထားရှိတဲ့အတွက်လဲ အကျိုးကျေးဇူးတွေ ရရှိပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိ အကျိုးခံစားနေရတာထက်ပိုပြီး အကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးတာ ဖြစ်ပါတယ်။ အခုလို အာမခံလုပ်ထားတာ သာမန်အချိန်မှာမသိသာပေမဲ့ လူမှုအခက်အခဲကြုံတွေ့ရချိန်မှာတော့ အလွန်ကိုအားထားရတဲ့ အဖွဲ့အစည်းပါ။ အာမခံထားရှိတဲ့အခါမှာလဲ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ ဝင်ငွေထဲကမှ လုပ်ငန်းအလုပ်ရှင်က သုံးရာခိုင်နှုန်း၊ အလုပ်သမားတွေက နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းဖြစ်တဲ့ငွေကို လစဉ်သွင်းရတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

အောင်မြေသာစံမြို့နယ်အတွင်းမှ လူမှုဖူလုံရေးရုံးသို့ အကျုံးဝင်မှတ်ပုံတင်ထားရှိကြသော အလုပ်ဌာနများမှာ အလုပ်သမားငါးဦးအထက်ရှိသည့် စက်ဖြင့် သို့မဟုတ် လက်ဖြင့်လုပ်သော စက်မှုလက်မှုအလုပ်ဌာနများ၊ ပြည်သူ့ဘဏ္ဍာအလုပ်ဌာန၊ သမဝါယမအလုပ်ဌာန၊ ပုဂ္ဂလိကအလုပ်ဌာန၊ ဖက်စပ်ဌာနများနှင့် အခြားအလုပ်ဌာနများဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ တတိယပတ်မှစ၍ ပခုက္ကူဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှုများပြားကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ ဒုတိယပတ်က ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲကို မုံရွာ၊ မြစ်သားနဲ့ ဆိပ်ဖြူဘက်က ထွက်ရှိတဲ့ကြက်သွန်နီတွေလဲ အဝင်များပါတယ်။ အဲဒီဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သမိုင်းအမွေအနှစ် ပေါ်တူဂီဘုရားကျောင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသော မြို့နယ်တစ်မြို့နယ်ဖြစ်သည့် သန်လျင်သည် မြန်မာ့သမိုင်းတွင်မှတ်တမ်းများစွာ ကျန်ရှိခဲ့သည့် မြို့ဟောင်းတစ်မြို့ဖြစ်သည်။ တောင်ငူခေတ်တွင် ထွန်းကားခဲ့သည့် သန်လျင်သည် ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းတွင် ပင်လယ်ထွက်ပေါက်ဝ၌ အချက်အချာကျစွာ တည်ရှိနေသည့် ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့များသည် ပင်လယ်ပြင်ကို ကြီးစိုးကာ ကုန်သွယ်ရေးနှင့်စစ်ရေးဖြန့်ကြက်လာချိန်တွင် သန်လျင်သည် မြန်မာနိုင်ငံ၏ အလွန်အရေးပါသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသို့ ဘုရင့်နောင်ခေတ်တွင်ရောက်ရှိခဲ့သည့် ပေါ်တူဂီများသည် သန်လျင်တွင် အခြေချခဲ့ကြသဖြင့် ၎င်းတို့နှင့်ဆက်နွှယ်ခဲ့သည့် အထောက်အထားများသည် သန်လျင်မြို့၏ သမိုင်းအမွေအနှစ်အဖြစ် ယနေ့တိုင်ကျန်ရှိနေသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ပေါ်တူဂီများအနက် သန်လျင်ဒေသတွင် ဗိုလ်ကျစိုးမိုးခဲ့သော ငဇင်ကာ ခေါ် ဖိလစ်ဒီဗရစ်တို (Filipe de Brito)သည် အထင်ရှားဆုံးဖြစ်သည်။

**ကေအရှာ သို့မဟုတ် သန်လျင်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သန်လျင်မြို့နယ်ဒေသဆိုင်ရာမှတ်တမ်း၌ သံလျင်သည် ပါဒဘုရင်ကို အေဒီ ၆၂၉ ခုနှစ်တွင် အောင်မြင်ခဲ့ပြီး သန်လျင် ခေါ် စကားရွာကို မြို့အဖြစ်တည်ထောင်စိုးစံခဲ့ကြောင်းနှင့် သံလျင်ကို သံလျင်မင်းဟုခေါ်ဆိုခဲ့ပြီး သံလျင်မင်းကိုအကြောင်းပြု၍ သန်လျင်ဟု သမုတ်ခဲ့ကြောင်း ဖော်ပြထားသည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် သန်လျင်သည် ဗြိတိသျှ၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့ပြီး ရန်ကုန်စီရင်စုအောက်၌ရှိခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် သန်လျင်ကို မြို့အဖြစ်သတ်မှတ်၍ ၁၉၀၉ ခုနှစ်တွင် သန်လျင်မြူနီစီပယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကာ ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် သန်လျင်ခရိုင်ပေါ်ထွန်းခဲ့သည်။

လက်ရှိ သန်လျင်မြို့နယ်သည် အရှေ့မှအနောက်သို့ ၁၃ မိုင်နှင့် တောင်မှ မြောက်သို့ ၂၄ မိုင်ရှည်လျား၍ ၁၄၃ ဒသမ ၅၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ သန်လျင်မြို့မှာမူ ၅ ဒသမ ၉၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ သန်လျင်မြို့နယ်သည် အရှေ့ဘက်တွင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်၊ အနောက်ဘက်တွင် ရန်ကုန်မြစ်၊ တောင်ဘက်တွင်ကျောက်တန်းမြို့နယ်၊ မြောက်ဘက်တွင် ပဲခူးမြစ်တို့နှင့်ထိစပ်နေသည်။

သန်လျင်မြို့နယ်အတွင်း၌ ဘုရား၊ စေတီပေါင်း ၁၄၆ ဆူရှိသည့်အနက် ဘုရားကုန်းကျေးရွာအုပ်စုရှိ ကျိုက်ခေါက်စေတီသည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ ခရစ်ယာန်ဘာသာဆိုင်ရာ အဆောက်အအုံ ငါးခု၊ အစ္စလာမ်ဘာသာဆိုင်ရာ အဆောက်အအုံ ၁၀ ခု၊ ဟိန္ဒူဘုရားကျောင်း ၃၂ ကျောင်းနှင့် တရုတ်ဘုရားကျောင်းနှစ်ကျောင်းရှိသည်။ ၎င်းတို့အနက် ကျိုက်ခေါက်စေတီတော်၊ ဝန်ကြီးပဒေသရာဇာအုတ်ဂူ၊ နတ်ရှင်နောင် အထိမ်းအမှတ်ဂူ၊ ကျိုက်အင်းသိမ်တော်ကြီး၊ သန်လျင်မြို့ပေါ်ရှိ ပေါ်တူဂီဘုရားကျောင်းနှင့် ဒါရ်ဂါ ငါးပါးသခင်တို့သည် သမိုင်းဝင်အဆောက်အအုံများဖြစ်ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ကျိုက်ခေါက်စေတီတော်၊ ဝန်ကြီးပဒေသရာဇာအုတ်ဂူ၊ နတ်ရှင်နောင် အထိမ်းအမှတ်ဂူနှင့် ပေါ်တူဂီဘုရားကျောင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**မြန်မာ့မြေရောက် ပေါ်တူဂီများ**

ပေါ်တူဂီများသည် ကုန်သွယ်ရန်နှင့် သာသနာပြုရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အာရှတိုက်သို့ ရေကြောင်းခရီးမှ ရောက်ရှိလာခဲ့ကြပြီး အိန္ဒိယနိုင်ငံ ဂိုအာကို သိမ်းပိုက်ကာ အယ်ဖွန်ဆိုဒီဆူဇာ(Affonso de Sousa)ကို ဂိုအာဘုရင်ခံအဖြစ် ခန့်ထားခဲ့ပြီး ၁၅၄၂ ခုနှစ်ထိ ပင်လယ်ရေကြောင်းကို စိုးမိုးခဲ့သည်။

၎င်းတို့သည် နှစ် ၆၀ ကြာ ပင်လယ်ပြင်ကိုစိုးမိုးခဲ့ကြသည်။ မလက္ကာသို့ ဒပ်ချ်များရောက်ရှိလာချိန်တွင် ပေါ်တူဂီများသည် ဒပ်ချ်တို့၏ အနိုင်ယူခြင်းကို ခံခဲ့ရပြီးနောက် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများမှ ဘုရင်များ၊ မဟာရာဂျာများထံတွင် အမှုထမ်းခဲ့ကြသည်။ အာရှဘုရင်များသည် ပေါ်တူဂီတို့ထံတွင်ရှိသော ယမ်းကိုအသုံးပြု၍ ပစ်ခတ်နိုင်သည့် မီးပေါက်သေနတ်များကို စိတ်ဝင်စားခဲ့ကြသည်။ ထို့ကြောင့် တပင်ရွှေထီးနှင့်ဘုရင့်နောင်လက်ထက်၌ မြန်မာနှင့် ယိုးဒယားတို့စစ်ဖြစ်ခဲ့ကြချိန်တွင် နှစ်ဖက်စလုံးက ပေါ်တူဂီသေနတ်ကိုင်များကို ငှားရမ်းအသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် ပေါ်တူဂီတို့ကို ငှားရမ်းအသုံးပြုခဲ့ရာမှ ပေါ်တူဂီတို့၏နယ်ချဲ့ရန် ကြံရွယ်သည့်




သန်လျင်မြို့ရှိ ပေါ်တူဂီဘုရားကျောင်းကို တွေ့ရစဉ်။

ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။

ခရစ်နှစ် ၁၅၃၁ ခုနှစ်မှ ၁၆၃၈ ခုနှစ်အတွင်း ပေါ်တူဂီများသည် ရခိုင်ဒေသသို့ ကုန်သည်များ၊ ကြေးစားစစ်သားများအဖြစ် ရောက်ရှိလာခဲ့ကြသည်။ ဘင်္ဂလားပြည်နယ်၏ အလယ်ပိုင်းနှင့်အနောက်ပိုင်းကို မဂိုဘုရင် အက္ကဘာက စိုးစံချိန်တွင် ရခိုင်ဘုရင်မင်းရာဇာကြီးသည် ပေါ်တူဂီကြေးစားတပ်သားများကို ငှားရမ်းခဲ့သည်။ ပေါ်တူဂီတို့သည် အင်အားကောင်းလာချိန်တွင် ရခိုင်ဘုရင်မင်းရာဇာကြီးကို အန္တရာယ်ပြုခဲ့ကြပြီး သန်လျင်တွင် အစောင့်အဖြစ်ထားခဲ့သည့် ငဇင်ကာကပါ အန်တုလာခဲ့သဖြင့် မင်းရာဇာကြီးသည် ခရစ်နှစ် ၁၆၀၇ ခုနှစ်မှစ၍ ပေါ်တူဂီတို့ကိုနှိမ်နင်းရန် စီစဉ်ခဲ့သည်။

ဘုရင့်နောင်မင်းတရား နတ်ရွာစံပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်တွင် ရခိုင်ဘုရင်မင်းရာဇာကြီးနှင့် တောင်ငူဘုရင် မင်းရဲသီဟသူတို့ ပူးပေါင်းကာ ဟံသာဝတီကို တိုက်ခိုက်၊ အောင်မြင်ပြီးနောက် မင်းရာဇာကြီးသည် ရခိုင်သို့ ပြန်ရန်စီစဉ်ချိန်တွင် ငဇင်ကာက ၎င်းကို သန်လျင်၌ အကောက်ရုံးစောင့်တပ်မှူးအဖြစ် ခန့်ထားပေးရန် တောင်းဆိုခဲ့သည်။

မင်းရာဇာကြီးသည် တောင်ငူဘုရင်၏ခွင့်ပြုချက်ဖြင့် ငဇင်ကာကို အကောက်ရုံးဆောက်လုပ်ပြီးစီးချိန်တွင် စောင့်ကြပ်ခွင့်ပြုမည်ဖြစ်ကြောင်း အမိန့်ချခဲ့ကာ ရခိုင်သို့ပြန်သွားခဲ့သည်။ သို့သော် ငဇင်ကာသည် မင်းရာဇာကြီးပြန်သွားချိန်တွင် ဆောက်လုပ်ဆဲအကောက်ရုံးကို သိမ်းပိုက်ကာ ခံတပ်အဖြစ် အခိုင်အမာတည်ဆောက်၍ သန်လျင်ကို သိမ်းပိုက်ခဲ့သည်။

သန်လျင်တွင် ဘုရင်တစ်ပါးသဖွယ် မင်းမူနေခဲ့သည့် ငဇင်ကာသည် လူအများကို ဗရင်ဂျီဘာသာသို့ အဓမ္မဝင်ရောက်စေခဲ့သည်။ ဒေသခံများအား ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို ကိုးကွယ်ထောက်ပံ့လှူဒါန်းခြင်းမပြုရဟု အမိန့်ထုတ်ခဲ့သဖြင့် ဗုဒ္ဓဘာသာရဟန်းသံဃာတချို့သည် သန်လျင်မှ ထွက်ပြေးခဲ့ကြရသကဲ့သို့ တချို့မှာလည်း လူဝတ်လဲခဲ့ကြရသည်။

ငဇင်ကာသည် ဘုရားစေတီများကို ဌာပနာများဖောက်ယူခြင်း၊ ခေါင်းလောင်းများကို အမြောက်သွန်းရန် ယူဆောင်ခြင်းများအပါအဝင် မိမိစိတ်ထင်ရာမှန်သမျှကို လုပ်ဆောင်ခဲ့ကာ တောင်ငူ၊ ပြည်၊ အင်းဝအပါအဝင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရန်ပင် ရည်ရွယ်ခဲ့သည်ဟုဆိုသည်။

ငဇင်ကာသည် ၁၅၉၉ ခုနှစ်တွင် စစ်သင်္ဘောသုံးစီးနှင့် လူအင်အား ၃၀၀၀ ကျော်ကိုပိုင်ဆိုင်ခဲ့သည်။ သူသည် ပေါ်တူဂီလူမျိုးများကို သန်လျင်တွင် အခြေချကြရန် တိုက်တွန်းအားပေးခဲ့ပြီး မုတ္တမမြို့စား ဗညားဒလ၏သမီးနှင့် လက်ထပ်ခဲ့သည်။

သန်လျင်၌ ငဇင်ကာ မင်းမူနေချိန်တွင် တောင်ငူမှ နတ်သျှင်နောင်သည် ငဇင်ကာနှင့် ပူးပေါင်းခဲ့သဖြင့် တောင်ငူသည် ၎င်းတို့နှစ်ဦးကြောင့် များစွာထိခိုက်နစ်နာခဲ့ရသည်။ ထို့ကြောင့် အင်းဝဘုရင် အနောက်ဘက်လွန်မင်းသည် ငဇင်ကာကို နှိမ်နင်းရန် ခရစ်နှစ် ၁၆၁၃ ခုနှစ်တွင် သန်လျင်ကို တိုက်ခိုက်ခဲ့သည်။

အင်းဝဘုရင်သည် ပေါ်တူဂီလူရမ်းကား ငဇင်ကာနှင့် နတ်သျှင်နောင်တို့ကို စစ်ဆေးခဲ့ပြီးနောက် နှစ်ဦးစလုံးကို သန်လျင်မြို့လယ်တွင် လူသူအများရှေ့၌ ကွပ်မျက်ခဲ့ပြီး သန်လျင်တွင် ကျန်ရှိနေသည့် ပေါ်တူဂီလူမျိုးများကို ရွှေဘိုမြို့အနီးသို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ မြန်မာ့မြေသန်လျင်တွင် ဆယ်စုနှစ်တစ်ခုကျော်ကြာမင်းမူခဲ့သည့် ငဇင်ကာကို ရှင်းလင်းသုတ်သင်ခဲ့သဖြင့် မြန်မာနိုင်ငံအတွင်း၌ ပေါ်တူဂီများ၏ပါဝင်ပတ်သက်မှုများသည် လုံးဝရပ်တန့်သွားခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ပေါ်တူဂီတို့လာရောက်ကျူးကျော်နယ်ချဲ့နိုင်ခြင်း အလျှင်းမတွေ့မြင်ရတော့ကြောင်း အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းတွင် ဖော်ပြခဲ့သည်။

**ပေါ်တူဂီဘုရားကျောင်း**

သန်လျင်မြို့အဝင် အမှတ်(၁)ရေနံချက်စက်ရုံဝင်းအတွင်းရှိ ပေါ်တူဂီဘုရားကျောင်းဟောင်းကို ငဇင်ကာအုတ်ဂူဟု ထင်မှတ်မှားကြသည်။ အလျား ၂၉ ဒသမ ၇ မီတာ (၉၇ ဒသမ ၄၄ ပေ)နှင့် အနံ ၁၆ မီတာ(၅၂ ဒသမ ၄၉ ပေ)ရှိသည့် ၎င်းအဆောက်အအုံကို ခရစ်နှစ် ၁၇၄၉-၁၇၅၀ ပြည့်နှစ်တွင် အင်းဝနှင့် ပဲခူးသာသနာပြုအဖွဲ့၏ ဒုတိယသင်းအုပ်ဆရာတော် အီတလီလူမျိုးမွန်ဆီနီရောနာရီနိုက ကြီးမှူး၍ အာမေးနီးယားသူဌေး နီကိုလပ်စ်ဒီအာဂူလာနှင့် ဇနီးတို့က ဆောက်လုပ်ခဲ့သည်။ ၎င်းအဆောက်အအုံသည် ထိုစဉ်က သန်လျင်တွင် နေထိုင်သည့်အနောက်နိုင်ငံသားများ ဝတ်ပြုရန်လှူဒါန်းခဲ့သည့် ခရစ်ယာန်ဘာသာဗရင်ဂျီဘုရားကျောင်းဖြစ်သည်။

ယခုအခါတွင် ၎င်းအဆောက်အအုံကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားကာ အပြစ်မဲ့သန္ဓေယူသော မယ်တော်သခင်မဘုရားကျောင်း(ပေါ်တူဂီ)ဟု အမည်ရေးထိုးထားသည်။ လက်ရှိ မြင်တွေ့နေကြရသော အဆောက်အအုံသည် တတိယမြောက်ဆောက်လုပ်ခဲ့သည့် ဘုရားကျောင်းဖြစ်ကာ ၁၅၉၇ ခုနှစ်က တည်ဆောက်ခဲ့သော ပထမကျောင်းသည် သန်လျင်ကို အနောက်ဘက်လွန်မင်းသိမ်းပိုက်သည့် ၁၆၁၃ ခုနှစ်တွင် ပျက်စီးခဲ့သည်။ ဒုတိယမြောက်ကျောင်းသည် ၁၇၄၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် သစ်သားအဆောက်အအုံဖြစ်ကာ ၁၇၄၇ ခုနှစ်တွင် ပျက်စီးခဲ့ပြီး လက်ရှိကျောင်းကို ၁၇၄၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

ပေါ်တူဂီဘုရားကျောင်းကို တည်ဆောက်ခဲ့စဉ်က ဘုန်းကြီးကျောင်းတိုက်၊ မိဘမဲ့ဂေဟာ၊ ဆေးပေးခန်း၊ ခန်းမဆောင်နှင့်မီးဖိုချောင်တို့ပါဝင်ခဲ့ကာ တည်ဆောက်မှု ကုန်ကျစရိတ် ရွှေဒင်္ဂါး ၆၀၀၀၀ ဖြစ်ကြောင်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ကျောင်းတိုက်အတွင်းရှိ ကျောက်စာမြန်မာပြန် မှတ်တမ်းဓာတ်ပုံဗီနိုင်းကို ကျောင်းတိုက်ရှေ့တွင်ပြသထားရာ ခရစ်နှစ် ၁၇၅၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီး လှူဒါန်းခဲ့ကြောင်း ရေးသားထားသည်။

ပေါ်တူဂီဘုရားရှိခိုးကျောင်းကို တည်ဆောက်ခဲ့စဉ်က ပေ ၄၀ မြင့်ခဲ့သည်ဟု ဆိုသော်လည်း လက်ရှိအချိန်တွင် ၎င်းကျောင်းဟောင်းသည် အမိုးမရှိတော့ဘဲ မြင့်မားသောနံရံပျက်ကြီးများသာ ကျန်ရှိနေသည်။ ဘုရားကျောင်းဟောင်းနှင့်အနီးဝန်းကျင်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ် ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်ဌာနမှ ဒေါက်တာအင်ဒရူးဆနက်ဒန်ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးပါ အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပူးပေါင်းကာ ၁၄ ရက်ကြာ စမ်းသပ်တူးဖော် သုတေသနပြုခဲ့သည်။

ပေါ်တူဂီကျောင်းပျက်ကြီး၏ အလယ်၌ရှိနေသည့် အုတ်ဂူကို တချို့က ငဇင်ကာဟု ယူဆကြသော်လည်း ဂူပေါ်တွင် ရေးသားထားသည့် အာမေးနီးယား၊ လက်တင်နှင့် ပေါ်တူဂီစာများအရ မေရီယာဒိတ် အမည်ရှိ အမျိုးသမီး၏ဂူဖြစ်ကြောင်း အင်းစိန်မြို့နယ်မှ ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာမက်သရူးကပြောပြခဲ့သည်။ ၎င်းဂူပေါ်တွင် တစ်ဝက်တစ်ပျက် ကျန်ရှိနေသည့် မြန်မာဘာသာစာသားများကိုလည်း တွေ့ရှိရသည်။ ၎င်းအုတ်ဂူကို BOC ရေနံကုမ္ပဏီက ကျောင်းအနီးတွင် မြေညှိစဉ် မြေအောက်မှ ကျောက်ပြား၊ ကျောက်စာနှင့် ဂူအပိုင်းအစများကိုရရှိခဲ့သဖြင့် ၎င်းတို့ကိုဆက်စပ်ကာ ဘုရားကျောင်းဝင်းအတွင်း၌ ထားရှိခဲ့သည်။ သင်္ချိုင်းစာတန်းတွင် ပေါ်တူဂီဘာသာဖြင့် အန်တိုနီဖလင်ဒတ်၏ဇနီး မေရီယာဒိတ်(အသက် ၄၈ နှစ်) ၁၇၃၂ ခုနှစ်တွင် ကွယ်လွန်သည်ဟု ရေးထိုးထားသည်။

နှစ် ၂၇၀ ကျော် သက်တမ်းရှိပြီဖြစ်သည့် ပေါ်တူဂီဘုရားရှိခိုးကျောင်းသည် သန်လျင်ဒေသ၏ သမိုင်းတစ်စိတ်တစ်ပိုင်းကိုဖော်ပြနေသည့် အဆောက်အအုံတစ်ခုအဖြစ်တည်ရှိနေသည်။ သို့သော် ဘုရားကျောင်းအတွင်းရှိ အုတ်ဂူသည် လူအများ ထင်မှတ်မှားနေသကဲ့သို့ ငဇင်ကာအုတ်ဂူ မဟုတ်ပါချေ။

**ကိုးကား**

- **သန်လျင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**
- **တွင်းသင်းမဟာရာဇဝင်သစ် (မဟာစည်သူ ဦးထွန်းညို)**
- **ပေါ်တူဂီဘုရားကျောင်းဟောင်းတူးဖော်မှု အစီရင်ခံစာ**
- **အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ပထမတွဲ)**

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနံ ၉၉၇၉ ဧကစိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ဖူးစားပြောင်းသီးနှံ ၉၉၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၁၄၅၄၁ ဧက စိုက်ပျိုးရန် လျာထား ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"ဆောင်းကာလ ရေဦးခရိုင် အတွင်းမှာ ဖူးစားပြောင်းသီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထား ပါတယ်။ ကနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပြီးနေပါပြီ။ ဖူးစား ပြောင်းစိုက်ပျိုးမှုကတော့ တစ်နှစ် နဲ့တစ်နှစ်တိုးလာသလို အောင်မြင် ဖြစ်ထွန်းလျက်ရှိပါတယ်။ စိုက်ခင်း တွေ ပိုးမွှားကျရောက်မှုမရှိစေဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါ တယ်"ဟု စစ်ကိုင်းတိုင်းဒေသ ကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် ဖူးစား ပြောင်းသီးနှံဧက စိုက်ပျိုးပြီးစီးမှု အနေဖြင့် ရေဦးမြို့နယ်တွင် ၁၀၂၉ ဧက၊ တန့်ဆည်မြို့နယ်တွင် ၂၄၃၂ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၆၅၁၈ ဧက စုစုပေါင်း ၉၉၇၉ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံ စိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာမြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနက သင် တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင် တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ် ဖြစ်သည့် တမာပိုးသတ်ဆေး အသုံး ပြုရေး အသိပညာပေးလျက်ရှိ ကြောင်း သိရသည်။

(၂၀၆)




## တောင်ငူမြို့နယ် ဒိုးအင်းကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ဒိုးအင်းကျေး ရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် Cash For Work စီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း များဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွင် တောင်ငူမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းအဖွဲ့ဝင်များနှင့် အတူ ဒိုးအင်းကျေးရွာ၌ ကျေးရွာ တွင်းလမ်း ကျောက်ရောမြေခင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး မှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လမ်းများရေရှည် ကောင်းမွန်အောင် ဝိုင်းဝန်းထိန်း သိမ်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် ကျေးရွာ တွင်းလမ်း အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက် လက်မ ကျောက်ရောမြေခင်းခြင်း နှင့် လမ်းအရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက် လက်မရှိ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းများကို Cash For Work စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး မြို့နယ်စီမံကိန်းတာဝန် ခံဝန်ထမ်းများ၊ အင်ဂျင်နီယာ ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာ သူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်း ပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## သာသနာမော်ကွန်း ဇမ္ဗူကျွန်း တောက်ထွန်းချိန်ခါမီ

- မာရဝိဇယ ဘွဲ့နာမဖြင့်
လောကအလယ် တန်ခိုးကြွယ်၍
အံ့ဖွယ်ညာဏ်တော် ဇမ္ဗူပေါ်တွင်
ရေသော်တွက်စစ် ရှစ်ဆယ်တစ်တည့်
အပြစ်တွေကင်း ကိုးနဝင်းမို့
ပြည်တွင်းငြိမ်းအေး ဘယာဘေးတို့
ကင်းဝေးအမှန် ရန်တန်တန်ကို
ကေန်ဖယ်ရှား မြတ်ဘုရား၏
များပြားဂုဏ်တော် အာနုဘော်ကြောင့်
ပြည်တော်မကြာ အေးချမ်းသာလိမ့်။

- ပြည်ထောင်စုမွေ ပင်လုံမြေဟု
အခြေပြုခေါ် နေပြည်တော်၌
အနော်ရထာ မင်းမဟာသို့
သာသနာပြု မြတ်ကောင်းမှုကို
ဇမ္ဗူ့ထိပ်ဖျား အလောင်းဘုရားနှင့်
တရားခင်မင် မင်းတုန်းရှင်သို့
ကြည်လင်ဆယ်လီ ပါရမီကြောင့်
သာကြည်ဖော်ဆောင် တို့ခေါင်းဆောင်ကား
များဝီရိယ နာယကမို့
နာမတွင်ခေါ် နိုင်ငံတော်၏
လူမော်ခေါင်အုပ် ဝန်ကြီးချုပ်ပင်
ပြုလုပ်သေချာ ဦးဆောင်ကာဖြင့်
ဒကာစုပေါင်း တို့မင်းကောင်း၏
အကောင်းရှိထုံး ရှေးအသုံးကို
လုံးလုံးမပယ် ဘုရားတည်သည်
အံ့ဖွယ်မော်ကွန်း ကမ္ပည်းထွန်း၏။

- မာရဝိဇယ ဝေါဟာရသည်
ဗုဒ္ဓဘုရား အောင်ရှစ်ပါးတွင်
တစ်ပါးအောင်ခြင်း မာရ်နတ်မင်းကို
စစ်ခင်းမပြု မေတ္တာထုဖြင့်
အောင်မှုယူကာ သုံးဘုံရှာသည်
သာယာငြိမ်းချမ်း နိဗ္ဗာန်နန်းသို့
တက်လှမ်းစေမှု ပမာပြု၏။

- ဘုရား မပြီ တို့တိုင်းပြည်တွင်
ချစ်ကြည်တိုင်းသား ညီနောင်ဖွားတို့
သွေးသားရင်းပေ တစ်မိုးမြေ၌
တစ်ရေတည်းသောက် အတူလျှောက်ကာ
အရောက်မနှေး ငြိမ်းချမ်းရေးကို
မြော်တွေးစုပေါင်း အောင်ဆုတောင်း၍
အောင်ကြောင်းခြွေကာ ဘုရားမှာလျှင်
တစ်ခါဆုံတွေ့ စဉ်မမေ့အောင်
ယနေ့လှမ်းလာ မင်္ဂလာမို့
ချိန်ခါခွင့်ကောင်း သင်ဆုတောင်းလော့။ ။

**မန္တလာပြေ**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များပေးပို့ရန် အစီအစဉ်မရှိကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ပြောကြား



**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်နိုင်ငံ အနေဖြင့် ယူကရိန်းနိုင်ငံအတွက် အက်ဖ်-၁၆ တိုက်လေယာဉ်များ ပေးပို့ကူညီရန် အစီအစဉ်မရှိကြောင်း ရိုက်တာ သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်းသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ ပေးအပ်ရန် အစီအစဉ်မရှိကြောင်းကိုအမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ဇန်နဝါရီ ၃၀ ရက်တွင် အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ဇန်နဝါရီ ၃၀ ရက်ကအိမ်ဖြူတော်၌ကျင်းပခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် ယူကရိန်းသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များဖြည့်ဆည်းပေးရန်အစီအစဉ်ရှိမရှိ သတင်းထောက်များက မေးမြန်းခဲ့ရာ အစီအစဉ်မရှိကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြန်လည်ဖြေကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ထိုးစစ်များကို ရင်ဆိုင်ရေးအတွက် အက်ဖ်-၁၆ ကဲ့သို့ မျိုးဆက်သစ်တိုက်လေယာဉ်များ ဖြည့်ဆည်းပေးရန် ယူကရိန်းနိုင်ငံက အနောက်အုပ်စုနိုင်ငံများသို့ တောင်းဆိုထားကြောင်း သိရသည်။

ယူကရိန်းသို့ ခေတ်မီတိုက်လေယာဉ်များ ပေးပို့ရေးကိစ္စသည် အနောက်အုပ်စု မဟာမိတ်နိုင်ငံများကြား အကြီးအကျယ်အငြင်းပွားနေရသောပြဿနာ ဖြစ်ကြောင်း သိရသည်။

ယူကရိန်းအရှေ့ပိုင်း၌ စစ်ရေးအရ အောင်မြင်မှုများရရှိထားကြောင်း ရုရှားစစ်ဘက်ကပြောကြားထားချိန်တွင် ယူကရိန်းနိုင်ငံက ခေတ်မီလေယာဉ်များ ရယူရေးအတွက်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

KKO

# ယူကရိန်းပြဿနာဆိုင်ရာ အနောက်အုပ်စုမူဝါဒ ခရိုအေးရှားသမ္မတ ဝေဖန်ပြစ်တင်

**ဇာဂ်ရက် ဇန်နဝါရီ ၃၁**

၂၀၁၄ ခုနှစ်အတွင်း ရုရှားနိုင်ငံကရင်း၏အချုပ်အခြာအောက် ထည့်သွင်းခဲ့သည့် ကရိုင်းမီးယားကျွန်းဆွယ်ဒေသသည် မည်သည့်အခါတွင်မျှ ယူကရိန်းအစိတ်အပိုင်း ပြန်ဖြစ်လာလိမ့်မည်မဟုတ်ကြောင်း ခရိုအေးရှားသမ္မတ ဇိုရန်မီလန်နိုဗစ်ချ်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားလိုက်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ ဇိုရန်မီလန်နိုဗစ်ချ်သည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး) အုပ်စုဝင်နိုင်ငံတစ်နိုင်ငံ၏ သမ္မတဖြစ်သော်လည်း ယူကရိန်းအတွက် စစ်ရေးအကူအညီများပေးအပ်မှုကို ကန့်ကွက်ထားသူ ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ခရိုအေးရှား လွှတ်တော်အမတ်များသည် ယူကရိန်းစစ်ဘက်ကို အကူအညီပေးရေး ဥရောပသမဂ္ဂ အစီအစဉ်တစ်ရပ်၌ ပါဝင်ရေး အဆိုပြုချက်အား ပယ်ချခဲ့ပြီး ဖြစ်သည်။

၁၁လကြာမြင့်လာပြီဖြစ်သည့် ယူကရိန်းစစ်ပွဲ နောက်ဆက်တွဲ ပြဿနာများနှင့် ခရိုအေးရှားနိုင်ငံ ရင်ဆိုင်ရမည့်အရေးကိုမိမိမလိုလားကြောင်း သမ္မတ မီလန်နိုဗစ်ချ်က ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းပြဿနာအတွက် စစ်ပွဲမှာ အဖြေတစ်ရပ် မဟုတ်ခြင်းကြောင့် ယူကရိန်းကိစ္စနှင့်စပ်လျဉ်း၍ အနောက်အုပ်စု၏ လုပ်ဆောင်ချက်များသည် ကျင့်ဝတ်နှင့် ကင်းလွတ်နေကြောင်း ခရိုအေးရှားသမ္မတက ဝေဖန်ခဲ့သည်။

ထို့အတူ ယူကရိန်းနိုင်ငံသို့ ဂျာမနီတင့်ကားများ ရောက်လာမှုကြောင့် ရုရှားနှင့်တရုတ် ပိုမိုနီးစပ်လာမှုသာ ဖြစ်ပေါ်လာမည်ဟု ခရိုအေးရှားသမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# ပက်ရှ်ဝါပလီဝတ်ကျောင်းဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ဦးရေ ၉၀ ကျော်ရှိလာ

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၃၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ ဗလီဝတ်ကျောင်းတစ်ခု၌ ဇန်နဝါရီ ၃၀ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ဦးရေ ၉၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဗလီဝတ်ကျောင်း ဗုံးခွဲတိုက်ခိုက်မှုသည် လုံခြုံရေးအထူးတင်းကျပ်သည့်ပက်ရှ်ဝါမြို့ နယ်မြေတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပက်ရှ်ဝါဗလီဝတ်ကျောင်း ဗုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ဦးရေ ၉၀ ကျော်ထိရှိလာပြီး သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၃၀ ရက် ဗုံးခွဲတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း အနည်းဆုံး ဦးရေ ၁၇၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပက်ရှ်ဝါဗလီဝတ်ကျောင်း ဗုံးခွဲတိုက်ခိုက်မှုအတွက်တာဝန်ရှိကြောင်းမည်သည့် အုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဗလီဝတ်ကျောင်း တည်ရှိရာနေရာမှာ လုံခြုံရေးအထူးတင်းကျပ်သည့် နယ်မြေဖြစ်ရာ ဗုံးခွဲသမား မည်သို့ဝင်ရောက်လာသည်ကို မသိရသေးဟု ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO




# အီရန်နှင့်ရုရှားဘဏ်များကြား ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ငွေပေးချေမှုစနစ်များ အပြန်အလှန်ချိတ်ဆက်ထားဟု အီရန်ပြောကြား

**တီဟီရန် ဇန်နဝါရီ ၃၁**

အီရန်နှင့် ရုရှားနိုင်ငံတို့သည် ၎င်းတို့၏ဘဏ်များကြား ဆက်သွယ်ရေးလမ်းကြောင်းများနှင့်ငွေပေးချေမှုစနစ်များကို အပြန်အလှန် ချိတ်ဆက်ထားကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ငွေပေးငွေချေ ပြုလုပ်မှုများကို မြှင့်တင်ရေးအတွက် ရုရှားနှင့် အီရန်ဘဏ်များကြား အပြန်အလှန် ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်း အီရန်တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံက စီးပွားရေးအရေးယူပိတ်ဆို့မှုများချမှတ်ခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံသည် ဘယ်လ်ဂျီယံအခြေစိုက် ဆွစ်ဖ်(SWIFT)ခေါ် နိုင်ငံတကာ ငွေပေးချေမှုစနစ်မှ ဖယ်ထုတ်ခံခဲ့ရသည်။



ထို့အတူ ရုရှားဘဏ်အချို့မှာလည်း ယူကရိန်းပြဿနာကို အကြောင်းပြု၍ ဆွစ်ဖ်နိုင်ငံတကာ ငွေပေးချေမှုစနစ်မှ ဖယ်ထုတ်ခံထားရသည်။

အီရန်နှင့်ရုရှားဘဏ်များကြား အပြန်အလှန် ချိတ်ဆက်မှုစနစ်၌ ရုရှားဘဏ် ၇၀၀ခန့်နှင့်နိုင်ငံပေါင်း ၁၃ နိုင်ငံတို့မှ ရုရှားဘဏ်မဟုတ်သည့်ဘဏ်ပေါင်း ၁၀၆ ဘဏ်တို့ ထပ်မံပါဝင်လာမည် ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း အီရန်နှင့် ရုရှားတို့သည် စီးပွားရေးနှင့် သံတမန်ရေးအရ မိတ်ဖက်ဆက်ဆံရေး ပိုခိုင်မာစေရန် တည်ဆောက်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ KKO

# ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာဗဟိုဘဏ်များ ဝယ်ယူသိုလှောင်ခဲ့သောရွှေပမာဏ ၁၁၃၆ တန်ထိရှိ

**လန်ဒန် ဇန်နဝါရီ ၃၁**

နိုင်ငံတကာ ဗဟိုဘဏ်များသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာဘီလီယံ ၇၀ တန်ဖိုးရှိ ရွှေသားပမာဏ ၁၁၃၆ တန်ကို ဝယ်ယူသိုလှောင် ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်သည် ၁၉၆၇ခုနှစ်နောက်ပိုင်း နိုင်ငံတကာဗဟိုဘဏ်များက ရွှေပမာဏအများဆုံးဝယ်ယူခဲ့သောနှစ်ဖြစ်ကြောင်း ကမ္ဘာ့ရွှေကောင်စီ(WGC)က ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ဖော်ပြထားသည်။

၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်ကာလများတွင်နိုင်ငံတကာ ဗဟိုဘဏ်များအထူးသဖြင့်အနောက်ဥရောပဗဟိုဘဏ်များသည်၎င်းတို့ လက်ဝယ်ရှိရွှေများကို နှစ်စဉ်ထုတ်ရောင်းခဲ့ကြသည်။


သို့သော်၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးကပ်ဆိုက်မှုနောက်ပိုင်း ဥရောပဗဟိုဘဏ်များသည် ရွှေများထုတ်ရောင်းမှုကို ရပ်ဆိုင်းခဲ့ပြီး ရုရှား၊ တူရကီနှင့် အိန္ဒိယကဲ့သို့ စီးပွားရေး အင်အားရှင်သစ်နိုင်ငံများမှ ဗဟိုဘဏ်များက ရွှေများကို ယခင်ကထက် ပိုမိုတိုးမြှင့်ကာဝယ်ယူလာကြကြောင်း WGC၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရွှေသတ္တုသည် ငွေစက္ကူနှင့် အာမခံငွေချေး စာချုပ်များကဲ့သို့ အာမခံကုမ္ပဏီနှင့် အစိုးရတို့အပေါ် မှီရန်မလိုခြင်း၊ စီးပွားရေးကမောက်ကမဖြစ်နေချိန်များ၌ တန်ဖိုးကို ထိန်းထားနိုင်မှုကြောင့် ဗဟိုဘဏ်များသည် ရွှေသတ္တုများကို ဝယ်ယူထားတတ်ကြသည်။

နိုင်ငံတကာ ဗဟိုဘဏ်များ၏ ရွှေဝယ်အားကြောင့်၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့ရွှေဈေးကွက်အတွက် ရွှေလိုအပ်ချက်မှာ တန်ချိန် ၄၇၄၁ တန်ထိရှိခဲ့သည်။ KKO

# SCIENCE AND TECHNOLOGY

## ဂျပန်နိုင်ငံအခြေစိုက် ပါးလ်ဘလူးဂျက်တွန်းကန်အားစနစ်ကုမ္ပဏီက ရေငွေ့အခြေခံဒုံးကန်အားစနစ်ကို ဂြိုဟ်တုငယ်တစ်စင်းအကူအညီဖြင့် စမ်းသပ်ရန်စီစဉ်



**တိုကျို ဇန်နဝါရီ ၃၁**

ဂျပန်နိုင်ငံအခြေစိုက် ပါးလ်ဘလူး ဂျက်တွန်းကန်အားစနစ်ကုမ္ပဏီသည် ရေငွေ့အခြေခံဒုံးကန်အားစနစ်တစ်ရပ်ကို ဂြိုဟ်တုငယ်တစ်စင်း၏ အကူအညီဖြင့် စမ်းသပ်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၀ ရက်က ရေးသား တင်ပြထားသည်။

ပါးလ်ဘလူးကုမ္ပဏီသည် ယခုလအစောပိုင်းတွင် လွှတ်တင်ထားသည့် ဆိုနီကုမ္ပဏီဂြိုဟ်တုငယ်တစ်စင်း၏အကူအညီဖြင့် ရေငွေ့အခြေခံဒုံးကန်အားစနစ်ကို စမ်းသပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပါးလ်ဘလူးကုမ္ပဏီသည် စတားစဖီးယား-၁ အမည်ရှိ ဆိုနီဂြိုဟ်တု၌ ၎င်း၏ ရေငွေ့သုံးဒုံးကန်အားစနစ်ကို တပ်ဆင်ပေးထားသည်။

မိမိတို့၏ ရေငွေ့အခြေခံဒုံးကန်အားစနစ်သည် စတားစဖီးယား-၁ ဂြိုဟ်တု၏ ပတ်လမ်းကိုထိန်းပေးထားခြင်းဖြင့် ၎င်းဂြိုဟ်တု၏ မစ်ရှင်သက်တမ်းကို ၂ ဒသမ ၅ နှစ်ထိ ထပ်တိုးပေးနိုင်ကြောင်း ပါးလ်ဘလူးကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဆိုနီကုမ္ပဏီသည် စတားစဖီးယား-၁ ဂြိုဟ်တုငယ်ကို ဇန်နဝါရီ ၃ ရက်က Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ထားပြီးဖြစ်သည်။

ရေငွေ့သုံး ဒုံးကန်အားစနစ်သည် ကိုယ်ပိုင်ဒုံးကန်အားစနစ် တပ်ဆင်မည့် ဂြိုဟ်တုငယ်များအတွက် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဒုံးကန်အားစနစ်ဖြစ်သည်ဟု ပါးလ်ဘလူးကုမ္ပဏီက ပြောကြားကြောင်း သိရသည်။ KKO


## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်က နမူနာကျောက်သားထည့်သတ္တုပြွန်များနေရာချထားမှုလုပ်ငန်း အပြီးသတ်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်၌ နမူနာကျောက်သားထည့် သတ္တုပြွန်များ နေရာချထားမှုလုပ်ငန်းကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၀ ရက်က ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ဇန်နဝါရီ ၂၉ ရက် ညပိုင်းတွင် ၁၀ ခုမြောက် နမူနာကျောက်သားထည့် သတ္တုပြွန်ကို နေရာချထားပေးခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါသတ္တုပြွန်သည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ကြိုတင်နေရာချထားပေးရမည့် နောက်ဆုံးသတ္တုပြွန်ဖြစ်သည်။



ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် နမူနာကျောက်သားထည့် သတ္တုပြွန်များကြိုတင်နေရာချထားရေး လုပ်ငန်းတစ်ခုလုံးကို ရက်သတ္တပတ်ခြောက်ပတ်ကြာအချိန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သတ္တုပြွန်များကို ၂၀၃၃ ခုနှစ်အရောက်တွင် ကမ္ဘာမြေဆီသို့ ပြန်လည်သယ်ယူရန် နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့က စီစဉ်ထားကြောင်း သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

KKO

## ကနေဒါနိုင်ငံအခြေစိုက် အာကာသမစ်ရှင်ထိန်းချုပ်မှုဝန်ဆောင်ရေးကုမ္ပဏီ (MCSS)က ပထမဆုံးအကြိမ် လမျက်နှာပြင်ပေါ်၌ အသိဉာဏ်တုနည်းပညာစမ်းသပ်မှု ပြုလုပ်မည်

**အော့တာဝါ ဇန်နဝါရီ ၃၁**

ကနေဒါအခြေစိုက် အာကာသမစ်ရှင်ထိန်းချုပ်မှု ဝန်ဆောင်ရေးကုမ္ပဏီ (MCSS) သည် ပထမဆုံးအကြိမ်အဖြစ် လမျက်နှာပြင်ပေါ်၌ အသိဉာဏ်တုနည်းပညာစမ်းသပ်မှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၀ ရက်က ရေးသားတင်ပြထားသည်။

MCSS ကုမ္ပဏီသည် ၎င်း၏ အသိဉာဏ်တုနည်းပညာသုံးဆုံးဖြတ်ချက်ချမှတ်မှုဆော့ဖ်ဝဲလ်ကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ရာရှစ်အမည်ရှိ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်၌ တပ်ဆင်ထားသည်။

အဆိုပါ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်ကို သယ်ဆောင်ထားသည့် ဂျပန်လဆင်းယာဉ်သည် ယခုနှစ် နွေဦးရာသီတွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

ဆင်းသက်မှု အောင်မြင်ခဲ့ပြီးချိန်တွင် ရာရှစ်လမျက်နှာပြင်လေ့လာရေးယာဉ်၌ တပ်ဆင်ထားသည့် အသိဉာဏ်တုနည်းပညာဆော့ဖ်ဝဲလ်ကို MCSS ကုမ္ပဏီက စတင်စမ်းသပ်မည်ဖြစ်သည်။

ယခင်က အသိဉာဏ်တုနည်းပညာဆော့ဖ်ဝဲလ်များကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းတွင်သာ စမ်းသပ်ခဲ့ကြဖူးသည်။

MCSS ကုမ္ပဏီ၏ အသိဉာဏ်တု နည်းပညာဆော့ဖ်ဝဲလ်သည် ရာရှစ်လမျက်နှာပြင်လေ့လာရေးယာဉ် ဖြတ်သန်းရာလမ်းကြောင်းပေါ်ရှိ မြေမျက်နှာပြင်အမျိုးအစားများကို ခွဲခြားပေးမည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ဆေးလိပ်အလွန်သောက်သူ သွားဖုံးလူနာများအတွက် လက်ရှိသွားဖုံးရောဂါကုထုံးများက အကျိုးမရှိနိုင်

**ကိုပင်ဟေဂင် ဇန်နဝါရီ ၃၁**

ဆေးလိပ်အလွန်အကျွံသောက်သုံးသူ Periodnontitis သွားဖုံးရောဂါလူနာများအတွက် လက်ရှိအသုံးပြုနေသော သွားဖုံးရောဂါကုထုံးများသည် အကျိုးကျေးဇူးနည်းနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၀ ရက်က ရေးသားတင်ပြထားသည်။

Periodnontitis ခေါ် အဖြစ်များသည့် သွားဖုံးရောဂါတစ်မျိုးအတွက် ကုထုံးကို ပြန်လည်စဉ်းစားသုံးသပ်ရန်လိုကြောင်း ဒိန်းမတ်နိုင်ငံ အားဟတ်စ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် Periodnontitis သွားဖုံးရောဂါအပေါ် ဆေးလိပ်သောက်သုံးမှု၏ အကျိုးသက်ရောက်မှုအဆင့်ဆင့်ကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ရောဂါလက္ခဏာ အပြင်းထန်ဆုံးဖြစ်ပြီး ဆေးလိပ်အလွန်အကျွံသောက်သုံးသူများမှာ သွားဖုံးရောဂါကုထုံး၏ အကျိုးကျေးဇူးကို ခံစားရခြင်းမရှိသည်ကိုတွေ့ရကြောင်း ဒိန်းမတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ ရောဂါလက္ခဏာအထိုက်အလျောက် ပြင်းထန်ပြီး ဆေးလိပ်အလွန်အကျွံသောက်သုံးသူများတွင်လည်း သွားဖုံးရောင်ရောဂါကုထုံးမှာ ၅၀ ရာခိုင်နှုန်းသာ အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Periodnontitis သွားဖုံးရောဂါဖြစ်ပွားပါက သွား၏အထောက်အခံတစ်ရှူးများ ပြိုကွဲပျက်စီး၍ သွားဆုံးရှုံးရတတ်ကြောင်း သိရသည်။ KKO

## TB Meningitis ရောဂါအတွက် ဆေးဝါးသစ်ရှာဖွေရန် လိုအပ်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၃၁**

လက်ရှိကုထုံးများကို ဆက်တိုက်ပြန်နိုင်ဖွယ်မရှိတော့သည့် TB Meningitis ခေါ် TB ရောဂါပိုးစ်အတွက် ဆေးဝါးသစ်များရှာဖွေရန် လိုအပ်လာဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၀ ရက်က ရေးသားတင်ပြထားသည်။

TB Meningitis ရောဂါသည် ပဋိဇီဝဆေးအမျိုးမျိုးကို ယဉ်ပါးလာမှုကြောင့် ၎င်းရောဂါအတွက် လက်ရှိ အသုံးပြုခွင့်ရထားသည့် ပဋိဇီဝဆေးဝါးအုပ်စုတစ်စုမှာ ရှေ့ဆက်အရာရောက်နိုင်ဖွယ်မရှိတော့ကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။


အမေရိကန်သုတေသနပညာရှင်များသည် Bedaquiline၊ Pretomanid နှင့် Linezolid အမည်ရှိ ပဋိဇီဝဆေးသုံးမျိုးကို တိရစ္ဆာန်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာချက် ရလဒ်များအရ ၎င်းပဋိဇီဝဆေးများသည် TB Meningitis ရောဂါကို ကုသရာတွင် ဆက်လက်အလုပ်ဖြစ်နိုင်ခြေမရှိတော့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ TB Meningitis ရောဂါအတွက် ဆေးဝါးသစ်များကို ရှာဖွေထားရန် လိုအပ်ပြီဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

TB ရောဂါဖြစ်စဉ်များ၏ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းထိသည် TB Meningitis ရောဂါအဖြစ်သို့ ကူးပြောင်းသွားတတ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## မန်ယူအသင်း ကွင်းလယ်ကစားသမား အယ်ရစ်ဆင် ခြေချင်းဝတ်ဒဏ်ရာကြောင့် မေလထိ အနားယူရမည်



**မန်ချက်စတာ ဇန်နဝါရီ ၃၁**

မန်ယူအသင်း အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အယ်ရစ်ဆင်သည် ခြေချင်းဝတ်ဒဏ်ရာ ပြင်းထန်သည့်အတွက် မေလထိအနားယူရမည်ဟု နည်းပြတန်ဟတ်က အတည်ပြုပြောကြားခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ အယ်ရစ်ဆင်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘရန့်ဖို့ဒ်အသင်းမှ မန်ယူအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြတန်ဟတ် လက်အောက်တွင် အဓိက ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူ ဖြစ်သည်။

အယ်ရစ်ဆင်သည် ပြီးခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီဒင်းအသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၅၇ မိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့်အတွက် ဆက်လက်ကစားနိုင်ခြင်း မရှိတော့သောကြောင့် ဖရက်ဒ်နှင့်လူစားလဲ ထွက်ခွာခဲ့ရပြီး ပွဲစဉ်အပြီးတွင် ချိုင်းထောက်ဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

နည်းပြတန်ဟတ်က"ကျွန်တော်တို့ စိတ်မကောင်းစွာနဲ့ပဲ အယ်ရစ်ဆင်ကို ကာလရှည် လက်လွှတ်ရဖို့ ရှိနေပါတယ်။ သူ့ရဲ့ ခြေချင်းဝတ်ဒဏ်ရာက ပြင်းထန်ခဲ့တာကြောင့် မေလလောက်ထိတော့ အနားယူရလိမ့်မယ်လို့ အသင်းဆေးအဖွဲ့က အကြောင်းကြားလာပါတယ်။ ပွဲကျပ်ကာလမှာ အဓိက ကစားသမားတစ်ဦး လက်လွှတ်ခဲ့ရတာ အသင်းအတွက် အများကြီးနစ်နာပါတယ်။ သူ့အနေနဲ့ အမြန်ဆုံးပြန်လည်ကောင်းမွန်လာဖို့တော့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

## ဗလင်စီယာအသင်းက နည်းပြဂတ်တူဆိုနှင့် လမ်းခွဲကြောင်း ထုတ်ပြန်

**မက်ဒရစ် ဇန်နဝါရီ ၃၁**

ဗလင်စီယာ အသင်းသည် လာလီဂါ အမှတ်ပေးပွဲစဉ်တွင် ဗယ်လာဒိုးလစ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး၌ ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရသည့် နည်းပြဂတ်တူဆိုနှင့် လမ်းခွဲခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဗလင်စီယာ အသင်းသည် နည်းပြ ဂတ်တူဆိုအားပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက ခန့်အပ်ခဲ့ပြီးနောက် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲ ကစားခဲ့ရာတွင် ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၄) တွင် ရပ်တည်နေကာ တန်းဆင်းဇုန်မှ ကာဒီဇက်အသင်းနှင့်ရမှတ်နှစ်မှတ်သာကွာဟနေပြီး ဇန်နဝါရီ ၂၉ ရက်က ကစားခဲ့သည့် ဗယ်လာဒိုးလစ်နှင့်ပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဂတ်တူဆိုနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

အသက် ၄၅ နှစ်ရှိ နည်းပြဂတ်တူဆိုသည် ဗလင်စီယာအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသော်လည်း အသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ခြင်း မရှိသဖြင့် ဗယ်လာဒိုးလစ်အသင်းနှင့် ပွဲစဉ်အပြီးတွင် အသင်းရလဒ်ပိုင်းနှင့်ပတ်သက်၍ မိမိတွင်သာ တာဝန်ရှိကြောင်း ပြောကြားခဲ့ပြီး နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်။

ဗလင်စီယာအသင်း ဥက္ကဋ္ဌက "ဒီနေ့မှာတော့ ပထမအသင်းနည်းပြဂတ်တူဆိုနဲ့ နှစ်ဖက်သဘောတူ လမ်းခွဲလိုက်တာ ဖြစ်ပါတယ်။ ဂတ်တူဆိုဟာ အသင်းကို အောင်မြင်မှုရရှိအောင် ရည်မှန်းချက်ထားကြိုးစားခဲ့ပေမဲ့ အသင်းအနေနဲ့ ရလဒ်ပိုင်းတိုးတက်မှုမရှိခဲ့ပါဘူး။ ဒါကြောင့် ဂတ်တူဆိုနဲ့ အသင်း တာဝန်ရှိသူတွေကြား ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး စာချုပ်ဖျက်သိမ်းလိုက်တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ လူငယ်အသင်းနည်းပြ ဗိုရိုဇွန်ဇာလက်စ်ကို ယာယီနည်းပြအဖြစ်ခန့်အပ်ထားပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



## စပါးအသင်းကွင်းလယ်ကစားသမား ဘရိုင်ယန်ဂျီရယ် ဆီဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

**လန်ဒန် ဇန်နဝါရီ ၃၁**

စပါးအသင်းသည် ခြေစွမ်းပြသရန် ရှန်းကန်နေရသည့် ကွင်းလယ်ကစားသမား ဘရိုင်ယန်ဂျီရယ်ကို ဆီဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ထပ်မံစေလွှတ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ဘရိုင်ယန်ဂျီရယ်သည် နည်းပြ ကွန်တီ၏ ကစားကွက်နှင့်ကိုက်ညီမှုမရှိသဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ဗလင်စီယာအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ပြိုင်ပွဲစုံ ၁၁ ပွဲသာ ပါဝင်ခွင့်ရခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်း မရှိသဖြင့် နည်းပြကွန်တီက ဆီဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ထပ်မံစေလွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စပါးအသင်း ကွင်းလယ်တိုက်စစ်ပိုင်းတွင် ဆွန်ဟောင်မင်၊ ကူလူဆက်စကီး၊ လူးကပ်မော်ရာ၊ ရစ်ချာလီဆန်တို့ ရှိနေသည့်အပြင် လက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း ဗီလာရီးရဲလ်အသင်းမှ တောင်ပံ တိုက်စစ်ကစားသမား ဒန်ဂျူးမားကို အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့သောကြောင့် ဘရိုင်ယန်ဂျီရယ်ကို ပွဲထွက်ခွင့် အာမခံချက်မပေးနိုင်တော့သဖြင့် နည်းပြကွန်တီက အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။

ဘရိုင်ယန်ဂျီရယ်အားခေါ်ယူခဲ့သည့် ဆီဗီလာအသင်းသည် စပိန်လာလီဂါ အမှတ်ပေးပြိုင်ပွဲတွင် အဆင့် (၁၃) သို့ ရောက်ရှိနေကာ တန်းဆင်းဇုန်မှ အသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟနေသောကြောင့် တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်နိုင်ရန် လက်ရှိအပြောင်းအရွှေ့ကာလတွင် မာဆေး ကွင်းလယ်ကစားသမား ပါပီဂိုရီ၊ ရင်းနက်ခံစစ်ကစားသမားဘိတ်တို့ကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး လာမည့်တနင်္ဂနွေနေ့တွင် ကစားရမည့် ဘာစီလိုနာအသင်းနှင့် ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အင်တာမီလန်အသင်းက အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ မန်ယူအသင်း ခံစစ်ကစားသမား မက်ဂွဲယားကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဘရိုက်တန်အသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်တွင် ဖာဘင်ဟို၏ ဖြတ်ထုတ်ပုံမှာ ကြမ်းတမ်းမှုကြောင့် အနီကတ်ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့သည်။
- အက်ဖ်အေဖလား ပဥ္စမအဆင့်မဲခွဲပွဲစဉ်တွင် ပရီးမီးယားလိဂ်ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်များကို လာမည့်မတ် ၂ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ML

## ချဲလ်ဆီးကစားသမား ဂျော်ဂျင်ဟိုကို စတာလင်ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇန်နဝါရီ ၃၁**

အာဆင်နယ် အသင်းသည် အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ကွင်းလယ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ချဲလ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းလိုသည့်အတွက် ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ကာစီဒိုကို ခေါ်ယူရန် အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် ချဲလ်ဆီးအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ဂျော်ဂျင်ဟိုကိုသာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့်၂၀၂၄ ခုနှစ်ထိ တစ်နှစ်ခွဲစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းနှင့် ချဲလ်ဆီးအသင်းတို့ကြား သဘောတူညီချက်တွင် ကစားသမားအတွက် အပိုဆုကြေး နှစ်သန်းအပါအဝင် ပြောင်းရွှေ့ကြေး ၁၀ သန်းပေးချေရမည်ဖြစ်ကာ တစ်နှစ်ခွဲစာချုပ်ကုန်ဆုံးပါက နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့် ထပ်မံပါဝင်ခဲ့ပြီး လက်ရှိတွင် ဂျော်ဂျင်ဟိုအနေဖြင့် အာဆင်နယ်အသင်းသို့ ဆေးစစ်မှုခံယူရန် ထွက်ခွာသွားကြောင်း သိရသည်။



အာဆင်နယ် အသင်းသည် အစောပိုင်းက လက်စတာ ကွင်းလယ် ကစားသမားတိုင်လီမန်၊ အဲဗာတန် ကွင်းလယ်ကစားသမား အိုနာနာနှင့် ဘရိုက်တန်ကွင်းလယ် ကစားသမား ကာစီဒိုတို့ တစ်ဦးဦးကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဆွေးနွေးမှု အဆင်မပြေခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ ချဲလ်ဆီးအသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် အသက် ၃၁ နှစ်ရှိ ဂျော်ဂျင်ဟိုကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# ဆမ့်ဒိုးရီးယားအသင်းပရိသတ်များက အသင်းတာဝန်ရှိသူများနှင့် ကစားသမားများကို အသက်အန္တရာယ်ခြိမ်းခြောက်မှုပြုလုပ်



**ရောမ ဇန်နဝါရီ ၃၁**

ဆမ့်ဒိုးရီးယားအသင်းပရိသတ်များက ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် အသင်းမှ တာဝန်ရှိသူများနှင့် ကစားသမားများကို စာအိတ်အတွင်း သေနတ်ကျည်ဆန်များထည့်ကာ ပေးပို့ပြီး အသက်အန္တရာယ်ခြိမ်းခြောက်မှု ပြုလုပ်ခဲ့သည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆမ့်ဒိုးရီးယား အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားလျက်ရှိနေကာ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် အသင်းပရိသတ်များက ဒေါသထွက်ပေါက်ကွဲခဲ့ကြပြီး ဆမ့်ဒိုးရီးယားအသင်း ရုံးခန်းသို့ သေနတ်ကျည်ဆန် ထည့်ထားသည့် စာအိတ်ပေးပို့ပြီး အသင်းတာဝန်ရှိသူများနှင့် ကစားသမားများကို အသက်အန္တရာယ် ခြိမ်းခြောက်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဆမ့်ဒိုးရီးယားအသင်း တာဝန်ရှိသူများက အသက်အန္တရာယ်ခြိမ်းခြောက်မှုအတွက် ဒေသတွင်းရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ပြီးနောက် လုံခြုံရေးတိုးမြှင့်ပေးရန်အတွက် တောင်းဆိုထားပြီး ဒေသတွင်းရဲတပ်ဖွဲ့ကလည်း အဆိုပါလုပ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိနေသည်။

ဆမ့်ဒိုးရီးယား အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းဘဏ္ဍာရေး အကျပ်အတည်းကြုံတွေ့နေရမှုနှင့်အတူ အသင်းရလဒ်ပိုင်းပါ ဆိုးရွားနေသည့်အတွက် အသင်းပရိသတ်များက အသင်းတာဝန်ရှိသူများကို ပွဲကစားချိန်များတွင်လည်း အော်ဟစ်လှောင်ပြောင်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း အသက်အန္တရာယ်ခြိမ်းခြောက်မှုများ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

STA

# လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ချက်ကစားသမား နော့စ်ကိုဗာ တက်ရောက်

**လိုင်ယွန် ဇန်နဝါရီ ၃၁**

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပနေသည့် လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်မယ် မူဂူရူဇာနှင့် ချက်တင်းနစ်မယ် နော့စ်ကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နော့စ်ကိုဗာက (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မူဂူရူဇာအနေဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့် စာရင်းတွင် ပါဝင်နေသော်လည်း ပထမအဆင့်တွင် ထင်မှတ်မထားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အသက် ၁၈ နှစ်ရှိ နော့စ်ကိုဗာသည် ကမ္ဘာ့အဆင့် (၁၀၀)အတွင်း ဝင်ရောက်လာနိုင်သည့် အသက်အငယ်ဆုံး တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ပြီး မူဂူရူဇာအားအနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကစားနိုင်ခဲ့သည့် စွမ်းဆောင်ရည်ပိုင်းက ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် အခြေအနေတွင်ရှိနေသည်။

လက်ရှိတွင် စပိန်တင်းနစ်မယ် မူဂူရူဇာအနေဖြင့် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် စွမ်းဆောင်ရည်ပိုင်း ကျဆင်းနေသကဲ့သို့ ရလဒ်ကောင်းရရှိရန်လည်း ရုန်းကန်နေရသည်။

နော့စ်ကိုဗာက "ပထမအဆင့်မှာ တွေ့ဆုံခဲ့ရတဲ့ ပြိုင်ဘက်က ကျွန်မအတွက် အရမ်းခက်ခဲတဲ့ ပြိုင်ဘက်ဖြစ်ပါတယ်။ မူဂူရူဇာလို ပြိုင်ဘက်မျိုးကို အနိုင်ရအောင် ကစားနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်။ မူဂူရူဇာနဲ့ ကစားခဲ့ရတဲ့ ပွဲစဉ်မှာ ကျွန်မအနေနဲ့အတွေ့အကြုံကောင်းတွေရခဲ့သလို နောက်အဆင့်တွေမှာလဲ ရလဒ်ကောင်းရအောင်ကစားနိုင်ဖို့အတွက် ခွန်အားဖြစ်စေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Hero Dubai Desert Classic ပြိုင်ပွဲချန်ပီယံဆု မက်အီလ်ရွိုင်း ဆွတ်ခူး

**ဒူဘိုင်း ဇန်နဝါရီ ၃၁**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပခဲ့သည့် Hero Dubai Desert Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့ရိုက်ကာချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Metro သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား ပက်ထရစ်ရိဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဟက်ဘက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းနှင့် ပက်ထရစ်ရိဒ်တို့သည် နောက်ဆုံးနေ့၏ နောက်ဆုံးကျင်းထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး မက်အီလ်ရွိုင်းက တစ်ချက်အသာဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက "နောက်ဆုံးနေ့ထိ ပုံစံကောင်းကိုထိန်းနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အပေါင်းလက္ခဏာဆောင်ပါတယ်။ ရာသီတစ်ခုရဲ့ ပွဲဦးထွက်ပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ စတင်နိုင်ခဲ့တာဟာ ကျွန်တော့်အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာကို မြှင့်တင်နိုင်ပါတယ်။ ပွဲဦးထွက်အောင်မြင်မှုရခဲ့တဲ့အတွက် ရာသီတစ်လျှောက်လုံး ခွန်အားဖြစ်စေပါတယ်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ နောက်ဆုံးနေ့မှာ ကစားခဲ့ရတဲ့ အခြေအနေက ဖိအားဝင်စေပါတယ်။ တော်တော်လေးလဲ ခက်ခဲတဲ့နေ့ဖြစ်ခဲ့ပါတယ်။ ပက်ထရစ်ကစားသွားတာ တော်တော်ကောင်းတယ်။ နောက်ကနေ တောက်လျှောက် ဖိအားပေးလာခဲ့တဲ့အတွက် စိတ်လှုပ်ရှားပြီး အမှားအယွင်းတချို့တော့ ရှိခဲ့ပါတယ်။ ဒါတွေကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။




AZL

# ဘာစီလိုနာအသင်းက မန်ယူပရိသတ်များ၏ လက်မှတ်ရောင်းချမှုများကို ကန့်သတ်

**မက်ဒရစ် ဇန်နဝါရီ ၃၁**

ဘာစီလိုနာအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်အဖြစ် ကစားမည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင် မန်ယူအသင်း ပရိသတ်များ လက်မှတ်ဝယ်ယူမှု အခက်အခဲဖြစ်စေရန်အတွက် မန်ယူအသင်း ပရိသတ်များအတွက် လက်မှတ်ရောင်းချမှုများကို ကန့်သတ်ချက်များ ပြုလုပ်ခဲ့သည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အိမ်ကွင်းတွင် ဖရန့်ဖတ်အသင်းကိုလက်ခံကစားခဲ့သည့်ပွဲစဉ်တွင် အိမ်ရှင်ပရိသတ်များထက် အဝေးကွင်းမှ ဖရန့်ဖတ်အသင်း ပရိသတ်များက ပိုမိုများပြားခဲ့သောကြောင့် အဆိုပါဖြစ်ရပ်မျိုးမဖြစ်ပွားစေရန် မန်ယူအသင်း ပရိသတ်များအတွက် လက်မှတ်ရောင်းချမှုကို ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် မန်ယူအသင်းနှင့် ပွဲစဉ်အတွက် ကွင်းဝင်ခွင့်လက်မှတ်များကို အင်္ဂလန်နိုင်ငံ၌ ရောင်းချခြင်းကို တားမြစ်ပြီး စပိန်နိုင်ငံတွင်သာရောင်းချမည်ဖြစ်သကဲ့သို့ မန်ယူအသင်းပရိသတ်တစ်ဦးကိုလည်း လက်မှတ်တစ်စောင်သာရောင်းချမည့်အပြင် ကလေးငယ် ပရိသတ်များအတွက် လက်မှတ်ရောင်းချမှုများကိုလည်း တားမြစ်ခဲ့ကာ ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

ဘာစီလိုနာအသင်းက မန်ယူအသင်းနှင့်ပွဲစဉ်အတွက် အဝေးကွင်းမှ လာရောက်အားပေးမည့် မန်ယူအသင်း ပရိသတ်များအတွက် လက်မှတ်ခွဲတမ်းကိုလည်း လျှော့ချမှုများပြုလုပ်ခဲ့ပြီး လက်မှတ်အစောင်ရေ ၄၇၀၀၀ သာ ရောင်းချပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ယူရိုပါလိဂ်ပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကို လာမည့်ဖေဖော်ဝါရီ ၁၇ ရက်တွင် ကစားမည်ဖြစ်သည်။

STA

# WBC၊ WBO၊ IBO အမျိုးသမီးဖယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဆာရန်နိုက WBA ချန်ပီယံအီရီကာခရင်နှင့် ထိုးသတ်သွားမည်

**နယူးယောက် ဇန်နဝါရီ ၃၁**

အမျိုးသမီး ဖယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် WBC၊ WBO၊ IBO အမျိုးသမီး ဖယ်သာဝိတ်တန်း ချန်ပီယံ ဆာရန်နိုသည် WBA ဖယ်သာဝိတ်တန်းချန်ပီယံ အီရီကာခရင်နှင့် ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန်နိုင်ငံနယူးယောက်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်သည် အမျိုးသမီး ဖယ်သာဝိတ်တန်း၏ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ထိုးသတ်မည့် စိန်ခေါ်ပွဲဖြစ်သောကြောင့် ပရိသတ်များ စိတ်ဝင်စားမှုရနေသည့်စိန်ခေါ်ပွဲလည်းဖြစ်ကြောင်း သိရသည်။

ပွာတိုရီကို လက်ဝှေ့မယ် ဆာရန်နိုသည် ၂၀၂၂ ခုနှစ် ဧပြီလက လိုက်ဝိတ်တန်းသို့ တက်ကာ လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံကေတီတေလာနှင့်ထိုးသတ်ခဲ့သော်လည်း ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် ဖယ်သာဝိတ်တန်းသို့ ပြန်လည်ရွှေ့ပြောင်းထိုးသတ်သည့် လက်ဝှေ့မယ်တစ်ဦးဖြစ်သည်။

ဆာရန်နိုနှင့် ထိုးသတ်သွားမည့် အီရီကာခရင်သည်WBA ဖယ်သာဝိတ်တန်း၏ လက်ရှိချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထိုးသတ်ထားနိုင်သူဖြစ်ပြီး တတိယမြောက် ချန်ပီယံကာကွယ်ပွဲစဉ်ကို အောင်မြင်စွာကာကွယ်နိုင်ခဲ့ပါက ဖယ်သာဝိတ်တန်းလောက၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ဆာရန်နိုက "ဖယ်သာဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံဆုကို ကာကွယ်သွားရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မအတွက် အရမ်းကိုအရေးကြီးတဲ့ စိန်ခေါ်ပွဲလဲဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မဖြစ်မနေအနိုင်ရအောင် ထိုးသတ်ရမယ်။ ကျွန်မပိုင်ဆိုင်ထားတဲ့ ခါးပတ်သုံးခုကို ကာကွယ်နိုင်ဖို့အတွက် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ အကောင်းဆုံး ကျော်ဖြတ်နိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဩစတြီးယားနိုင်ငံ)

**နိဒါန်း**

ဩစတြီးယားသမ္မတနိုင်ငံသည် ဂျာမနီ၊ ဟန်ဂေရီ၊ အီတလီ၊ လစ်ချ်တင်စတိန်း၊ ဆလိုဗားကီးယား၊ ဆိုဗေးနီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော အရှေ့အလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ၈၃၈၇၈ စတုရန်းကီလိုမီတာ (၃၂၃၈၅ စတုရန်းမိုင်) ကျယ်ဝန်းပြီး လူဦးရေ ၈ ဒသမ ၅၅ သန်းခန့်ရှိသည်။ ဩစတြီးယားသည် ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ဩစတြီးယားနိုင်ငံ၏မြို့တော် ဗီယင်နာ (Vienna) သည် လူဦးရေ ၁ ဒသမ ၉ သန်းကျော်ရှိသော အကြီးဆုံးမြို့တော်ဖြစ်သည်။ လူဦးရေအများစုသည် နိုင်ငံ၏ တရားဝင်ဘာသာစကားဖြစ်သည့် ဂျာမန်ဘာသာစကားကိုပြောဆိုကြပြီး အခြားဒေသခံရုံးသုံးဘာသာစကားများမှာ ခရိုအေးရှား (Croatian)၊ဟန်ဂေရီ (Hungarian)နှင့် စလိုဗေးနီးယား (Slovene) တို့ဖြစ်သည်။ ဩစတြီးယားသည် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး Organization for Economic Co-operation and Development (OECD) တည်ထောင်သူလည်းဖြစ်သည်။ ၁၉၉၅ ခုနှစ်မှစတင်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ဩစတြီးယားသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ကိုးခုဖြင့် ဖွဲ့စည်းထားသည်။ အမည်အားဖြင့် Burgeland၊ Carinthia၊ Lower Austria၊ Upper Austria၊ Salzburg၊ Styria၊ Tyrol၊ Vorarlberg နှင့် Vienna တို့ဖြစ်သည်။ ပြည်နယ်များတွင် သီးခြားအုပ်ချုပ်ရေးအာဏာများရှိပြီး ပြည်နယ်လွှတ်တော်များကို ရွေးချယ်ထားသော ဥပဒေပြုအာဏာများဖြင့် ထိန်းသိမ်းထားသည်။ ၎င်းတို့တွင် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများရှိသည်။

**ရွေးကောက်ပွဲသမိုင်း**

ဩစတြီးယားနိုင်ငံ ပြည်ထောင်စုလွှတ်တော်တွင် အောက်လွှတ်တော် (National Council) နှင့် အထက်လွှတ်တော် (Federal Council) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများအနေဖြင့် အမျိုးသားကောင်စီရွေးကောက်ပွဲများနှင့် သမ္မတရွေးကောက်ပွဲများ ကျင်းပပြီး ပြည်နယ်ရွေးကောက်ပွဲများတွင် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် မြို့တော်ဝန်ရွေးကောက်ပွဲများကျင်းပသည်။ ရွေးကောက်ပွဲအားလုံးသည် တန်းတူညီမျှ၊ တိုက်ရိုက်၊ လျှို့ဝှက်၊ လွတ်လပ်စွာဟူသော ကိုယ်ပိုင်မဲပေးခွင့်၏ အခြေခံမူများနှင့်အညီ ကျင်းပသည်။ ဩစတြီးယားနိုင်ငံ၌ ၂၀၀၇ ခုနှစ် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသည့် အသက်ကို ၁၈ နှစ်မှ ၁၆ နှစ်သို့ လျှော့ချခဲ့သည်။ အချို့ပြည်နယ်များတွင် ၂၀၀၇ ခုနှစ်မတိုင်မီ ကျင်းပခဲ့သောပြည်နယ်နှင့် ဒေသရွေးကောက်ပွဲများတွင် မဲပေးရမည့်အသက်ကိုလျှော့ချထားပြီးဖြစ်သည်။

ဩစတြီးယားနိုင်ငံ၏ လွှတ်တော်နှင့် အခြားဥပဒေပြုအဖွဲ့များအတွက် ရွေးကောက်ပွဲစနစ်၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီများမှ မဲရုံများတွင် ရရှိသည့် ခိုင်လုံမဲများအပေါ်အခြေခံ၍ ကိုယ်စားလှယ်လောင်းနေရာများ အချိုးကျခွဲဝေရေးရန်ဖြစ်ပြီး ဥပဒေပြုအဖွဲ့၏ဖွဲ့စည်းပုံသည် မဲဆန္ဒရှင်များ၏ဆန္ဒကို ကိုယ်စားပြုစေနိုင်ရန်ဖြစ်သည်။ ဤစနစ်သည် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများကိုသာမဟုတ်ဘဲ နိုင်ငံရေးပါတီများကိုပါ ရွေးချယ်ရန် လိုအပ်သည်။

**သမ္မတ**

ဩစတြီးယားနိုင်ငံ၏ သမ္မတအား ၆ နှစ်လျှင် တစ်ကြိမ် ဆန္ဒမဲပေးတိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ သမ္မတသည် ၆ နှစ်သက်တမ်းကို နှစ်ကြိမ်ဆက်တိုက်သာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ သမ္မတသည် အမျိုးသားကောင်စီကို ဖျက်သိမ်းခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရေးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်များ၊ စစ်အရာရှိများနှင့် အဓိကဗျူရိုကရက် အများစုကို ခန့်အပ်ခွင့်နှင့် သက်တမ်းတိုးခွင့်အာဏာတို့ရှိသည်။ သမ္မတသည် နိုင်ငံ့ခေါင်းဆောင်ဖြစ်ပြီး တရားဝင် အပ်နှင်းထားသော အာဏာများရှိသော်လည်း လက်တွေ့တွင် ပိုမိုကျယ်ပြန့်သော မူဝါဒပိုင်းများနှင့် ဆုံးဖြတ်ချက်ချသည့်ကိစ္စများတွင် အစိုးရနှင့်တိုင်ပင်ဆွေးနွေးသည်။

**သမ္မတရွေးကောက်ပွဲ**

သမ္မတရွေးကောက်ပွဲကို နှစ်ကျော့ပြန်စနစ်ဖြင့် ကျင်းပသည်။ ပထမအကျော့တွင် မည်သည့်ကိုယ်စားလှယ်လောင်းကမှ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းထက်ပို၍ မရရှိခဲ့ပါလျှင် ဒုတိယအကျော့တွင် ဆန္ဒမဲအများဆုံးရရှိသူနှစ်ဦးသာ ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသာ ရွေးကောက်ပွဲဝင်ပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် သမ္မတရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည်။ သမ္မတရွေးကောက်ပွဲ ကြေညာချက်တွင် ရွေးကောက်ပွဲကျင်းပမည့်ရက်နှင့် လျှောက်လွှာတင်သွင်းရမည့်ရက်တို့ ပါဝင်သည်။ ကိုယ်စားလှယ်လောင်းများ၏ အမည်များကို ရွေးကောက်ပွဲနေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ပြည်ထောင်စုရွေးကောက်ပွဲအာဏာပိုင် (ဗဟိုရွေးကောက်ပွဲကော်မရှင်) ထံတင်ပြရသည်။ နိုင်ငံတော်သမ္မတက ကျမ်းသစ္စာကျိန်ဆိုပြီး ရာထူးတာဝန်ယူသည့်အချိန်မှစ၍ သက်တမ်းစတင်သည်။

**လွှတ်တော်ဖွဲ့စည်းခြင်း**

ဩစတြီးယားလွှတ်တော်တွင် အမျိုးသားကောင်စီနှင့်ဖက်ဒရယ်ကောင်စီဟူ၍ လွှတ်တော် ၂ ရပ်ရှိသည်။ အမျိုးသားကောင်စီသည် အဓိကဥပဒေပြုအဖွဲ့ဖြစ်သည်။ ဥပဒေပြင်ဆင်ရေးနှင့်အကောင်အထည်ဖော်ရေးကို ပြည်ထောင်စုအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများတွင် ဆောင်ရွက်သည်။ ဥပဒေပြုရေးတာဝန်များကို ပြည်ထောင်စုအဆင့်တွင် အမျိုးသားကောင်စီက ဖက်ဒရယ်ကောင်စီနှင့် တွဲဖက်ဆောင်ရွက်သည်။ အမျိုးသားကောင်စီတွင် အဖွဲ့ဝင် ၁၈၃ ဦးကို ၅ နှစ်တစ်ကြိမ် သို့မဟုတ် (တစ်ခါတစ်ရံ ဆောလျင်စွာ) မဲပေးခွင့်ရှိသော နိုင်ငံသားအားလုံးက ရွေးချယ်တင်မြှောက်သည်။ ဖက်ဒရယ်ကောင်စီသည် လူထုဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ၎င်း၏ဖွဲ့စည်းမှုသည် ဥပဒေပြုရေးအဆင့်တွင် ကိုယ်စားပြုသည့်ပါတီများ၏ အင်အားပေါ်တွင်မူတည်သည်။ ဆိုလိုသည်မှာ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးနောက် ဖက်ဒရယ်ကောင်စီဖွဲ့စည်းပုံသည် ပြောင်းလဲနိုင်ခြင်းကြောင့်ဖြစ်သည်။

ဖက်ဒရယ်ကောင်စီသည် ပြည်နယ်အားလုံး၏ အကျိုးစီးပွားကို ကိုယ်စားပြုပြီး ပြည်နယ်လွှတ်တော်များသည်ပြည်နယ်တစ်ခုချင်းစီရှိ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသည်။ ဖက်ဒရယ်ပြည်နယ်တစ်ခုစီကို သက်ဆိုင်ရာလွှတ်တော်က ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့က အုပ်ချုပ်သည်။ ဖက်ဒရယ်ပြည်နယ်တစ်ခုစီသို့ ခွဲဝေပေးသော ကိုယ်စားလှယ်အရေအတွက်ကို ယင်း၏လူဦးရေပေါ်တွင် အခြေခံသည်။ အကြီးဆုံးပြည်နယ်များကို ကိုယ်စားလှယ် ၁၂ ဦးခွဲဝေပေးကာ အငယ်ဆုံးပြည်နယ်များကို ကိုယ်စားလှယ်ဦးရေ ၃ ဦး ခွဲဝေပေးသည်။ အထက်လွှတ်တော်တွင် ပြည်နယ်များ၏ လူဦးရေပြောင်းလဲလာသည်နှင့်အမျှ ၎င်းတို့ရပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်အရေအတွက်များလည်း ပြောင်းလဲလာသည်။ လုပ်ပိုင်ခွင့်အရေအတွက်ကို သန်းခေါင်စာရင်းအရ ဆယ်နှစ်တစ်ကြိမ် ပြန်လည်တွက်ချက်သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတသည် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ်မည်မျှကို အထက်လွှတ်တော်သို့ လွှဲအပ်နိုင်သည်ကို သတ်မှတ်သည်။ သို့အတွက်ကြောင့် အထက်လွှတ်တော် (ဖက်ဒရယ်ကောင်စီ)ရှိ အရေအတွက်ကို ကြိုတင်သတ်မှတ်မထားပေ။ လက်ရှိတွင် အထက်လွှတ်တော်၌ကိုယ်စားလှယ် ၆၁ ဦးရှိသည်။ အထက်လွှတ်တော်(ဖက်ဒရယ်ကောင်စီ) သည် အောက်လွှတ်တော်(အမျိုးသားကောင်စီ)နှင့် ဆက်စပ်၍ ပြည်ထောင်စုဥပဒေများကို ထုတ်ပြန်ပြီး အောက်လွှတ်တော်မှအတည်ပြုထားသည့် ကန့်သတ်ထားသောဗီတိုအာဏာ အသုံးပြုခွင့်ရှိသည်။

**လွှတ်တော်ရွေးကောက်ပွဲ**

အမျိုးသားကောင်စီရွေးကောက်ပွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်စားလှယ် ၁၈၃ ဦးကို ၅ နှစ်တစ်ကြိမ် ကျင်းပရွေးချယ်ပေးသည့် အထွေထွေရွေးကောက်ပွဲလည်းဖြစ်သည်။ အမျိုးသားကောင်စီရွေးကောက်ပွဲများ ကျင်းပရန်အတွက် ဩစတြီးယားပြည်နယ် ၉ ခုကို ဒေသဆိုင်ရာရွေးကောက်ပွဲ ခရိုင် ၃၉ ခုအဖြစ် ထပ်မံပိုင်းခြားထားသည်။ ရွေးကောက်ပွဲခရိုင် ၃၉ ခုသာရှိသော်လည်း အဖွဲ့ဝင် ၁၈၃ နေရာ ရွေးချယ်ရမည်ဖြစ်သည့်အတွက် လူဦးရေများသည့် ခရိုင်များတွင် ကိုယ်စားလှယ်အရေအတွက်လည်း များသည်။ ကိုယ်စားလှယ်လောင်းများကို အချိုးကျကိုယ်စားပြုစနစ်ဖြင့်ရွေးချယ်ပြီး နိုင်ငံရေးပါတီများအနေဖြင့် အနည်းဆုံးရရှိရမည့် ခိုင်လုံမဲအရေအတွက်သည် ၄ ရာခိုင်နှုန်းဖြစ်သည်။

**ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု**

ဩစတြီးယားနိုင်ငံတွင် ဖက်ဒရယ်ဘုတ်အဖွဲ့ဟုခေါ်သော ထိပ်တန်းဗဟိုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းထားသည်။ ဖက်ဒရယ်ရွေးကောက်ပွဲဘုတ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးဝန်ကြီးနှင့် အကဲဖြတ်သူ (အဖွဲ့ဝင်) ၁၇ ဦး (အမျိုးသမီး ၅ ဦးအပါ) တို့ဖြင့်ဖွဲ့စည်းထားပြီး လွတ်လပ်သောအခွင့်အာဏာရှိသည်။ အကဲဖြတ်သူနှစ်ဦးကို တရားစီရင်ရေးမှ ထုတ်ယူပြီး ကျန်အကဲဖြတ်သူ ၁၅ ဦးကို အမျိုးသားကောင်စီတွင် ကိုယ်စားပြုပါတီများမှ အမည်စာရင်းတင်သွင်း၍ အချိုးကျခန့်အပ်သည်။ ဖက်ဒရယ်ရွေးကောက်ပွဲဘုတ်အဖွဲ့သည် အမှီအခိုကင်းသော အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဖက်ဒရယ်ရွေးကောက်ပွဲဘုတ်အဖွဲ့၏ အဖွဲ့ဝင်များအားလုံးသည် အခြားသော ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များနှင့်မသက်ဆိုင်ပါ။ ဖက်ဒရယ်ပြည်ထဲရေးဝန်ကြီးသည် လက်ထောက်များကို ခန့်အပ်နိုင်ပြီး အကဲဖြတ်သူတိုင်း ပူးတွဲအကဲဖြတ်သူများကို ရွေးချယ်ခန့်အပ်နိုင်သည်။ ဗဟိုရွေးကောက်ပွဲ ဘုတ်အဖွဲ့သည် နိုင်ငံတစ်ဝှမ်းရွေးကောက်ပွဲများ အကောင်အထည်ဖော်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ၎င်းတို့၏သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်နေသည့် အခြားသောရွေးကောက်ပွဲအာဏာပိုင်များအားလုံးကို ကြီးကြပ်ကွပ်ကဲသည်။ ဖက်ဒရယ်ရွေးကောက်ပွဲဘုတ်အဖွဲ့သည် အမျိုးသားကောင်စီ၊ ဥရောပပါလီမန်၊ ဖက်ဒရယ်သမ္မတရုံး၊ ဆန္ဒခံယူပွဲနှင့် လူထုညှိနှိုင်းမှုများအတွက် ရွေးကောက်ပွဲများကို တာဝန်ယူဆောင်ရွက်သည့်အပြင် အာဏာပိုင်များသည် အများသူငါ လုပ်ဆောင်မှုများ၏နောက်ဆုံးရလဒ်များကိုဆုံးဖြတ်ပြီး ဥရောပနိုင်ငံသားများအတွက် ပံ့ပိုးကူညီမှုဆိုင်ရာ ထုတ်ပြန်ချက်များကို စစ်ဆေးနိုင်သည်။ ရွေးကောက်ပွဲဘုတ်အဖွဲ့၏အတွင်းရေးမှူးရုံးနှင့် ပံ့ပိုးရေးဌာနခွဲအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် ရွေးကောက်ပွဲရေးရာဌာနကို ဖွဲ့စည်း၍ ဆောင်ရွက်သည်။ ပြည်နယ်အစိုးရရုံး ၉ ရုံးတွင် ပြည်နယ်ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့တစ်ခုစီ သီးခြားဖွဲ့စည်းထားသည်။ ယင်းတွင်ခရိုင်အုပ်ချုပ်ရေးမှူး သို့မဟုတ် ဥက္ကဋ္ဌနှင့် ပြည်နယ်မဲရုံအရာရှိအဖြစ်ခန့်အပ်ရန် အမြဲတမ်းကိုယ်စားလှယ်တစ်ဦးနှင့် အကဲဖြတ်သူ ၉ ဦးပါဝင်သည်။

**ကော်မရှင်အဖွဲ့ဝင်များ အရည်အချင်းသတ်မှတ်ချက်**

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်ဥက္ကဋ္ဌသည် တရားသူကြီးချုပ်အဆင့်ရှိသူ ဖြစ်ရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) နိုင်ငံသားဖြစ်သူ၊

(ခ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ ဥပဒေ စသည့်နယ်ပယ်များတွင် အတွေ့အကြုံရှိသူ၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၆ ပါ အချက်များနှင့် ကိုက်ညီမှုရှိသူ။

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

ဩစတြီးယားရွေးကောက်ပွဲ အုပ်ချုပ်ရေးတွင် အဆင့် ၅ ဆင့်ရှိပြီး နိုင်ငံ၏အုပ်ချုပ်မှုကို ထင်ဟပ်စေသည်။ ယင်းမှာ ဗဟိုရွေးကောက်ပွဲဘုတ်အဖွဲ့ (FEB)၊ ပြည်နယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ ၉ ခု (PEBs)၊ ခရိုင်ရွေးကောက်ပွဲဘုတ်အဖွဲ့ ၁၀၀ ကျော် (DEBs)၊ မြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ ၂၀၀၀ ကျော် (MEBs)နှင့် မဲရုံဘုတ်အဖွဲ့ ၁၂၀၀၀ (PSBs) ဝန်းကျင်ရှိသည်။ ဘုတ်အဖွဲ့အားလုံးသည် အမြဲတမ်းတည်ရှိပြီး ရွေးကောက်ပွဲအမျိုးအစားအားလုံးကို စီမံခန့်ခွဲရန်လိုအပ်သလို ခေါ်ယူဆွေးနွေးညှိနှိုင်းသည်။

အစိုးရအဆင့်အသီးသီးရှိ အရပ်ဘက်ဝန်ထမ်းများသည် သက်ဆိုင်ရာရွေးကောက်ပွဲဘုတ်အဖွဲ့တွင် ပါဝင်ကူညီဆောင်ရွက်ကြသည်။ ပြည်ထဲရေးဝန်ကြီးသည် ဗဟိုရွေးကောက်ပွဲဘုတ်အဖွဲ့ (FEB)တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် မဲလက်မှတ်များထုတ်လုပ်ခြင်း၊ ရွေးကောက်ပွဲအာဏာပိုင်များအတွက် လမ်းညွှန်ချက်နှင့် လေ့ကျင့်ရေးညွှန်ကြားချက်များ ထုတ်ပြန်ခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးပစ္စည်းများ ပြင်ဆင်ခြင်းအပါအဝင် နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်မှုများကို တာဝန်ယူဆောင်ရွက်သည်။ ကိုယ်စားလှယ်လောင်းများမှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲဘုတ်အဖွဲ့ အဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲနောက်ဆုံးရလဒ်များ ကြေညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်သည်။ ပြည်နယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ (PEBs)၊ ခရိုင်ရွေးကောက်ပွဲဘုတ်အဖွဲ့ (DEBs)နှင့် မြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ (MEBs)အားလုံးကို ဥက္ကဋ္ဌ ၁ ဦးနှင့် အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းထားသည်။

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

ယင်းဥက္ကဋ္ဌများသည် အများအားဖြင့် သက်ဆိုင်ရာ ဒေသအစိုးရအကြီးအကဲများဖြစ်ကြသည်။ အခြားသောရွေးကောက်ပွဲ ဘုတ်အဖွဲ့ဝင်များသည် ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲတွင် ၎င်းရရှိသောဒေသမဲများ အချိုးအစားအလိုက် ကိုယ်စားပြုခန့်အပ်ထားသည်။ မဲရုံဘုတ်အဖွဲ့ (PSBs) တွင် မြို့တော်ဝန်မှခန့်အပ်ထားသော ဥက္ကဋ္ဌ ၁ ဦးနှင့် ပါတီများမှအဆိုပြုတင်သွင်းထားသော အဖွဲ့ဝင် ၃ ဦး ပါဝင်သည်။ ဘုတ်အဖွဲ့အားလုံး၏ အဖွဲ့ဝင်များအားလုံးကို ၅ နှစ်တာသက်တမ်းအတွက် ခန့်အပ်သည်။ ပြည်နယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ (PEBs) အဓိကအခန်းကဏ္ဍမှာ ရွေးကောက်ပွဲရလဒ်များကို စုစည်းရန်ဖြစ်သည်။ ခရိုင်ရွေးကောက်ပွဲဘုတ်အဖွဲ့ (DEBs)စာတိုက်မဲများကို ရေတွက်ရန်တာဝန်ရှိသည်။ မြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ (MEBs) မဲရုံမှရလဒ်များကိုစုစည်းပြီး မဲဆန္ဒရှင်စာရင်းများကို ကြီးကြပ်ရန်တာဝန်ရှိသည်။ မဲရုံဘုတ်အဖွဲ့ (PSBs) သည် ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းကို စီစဉ်ဆောင်ရွက်သည်။

**နိုင်ငံရေးပါတီများဆိုင်ရာ**

ဩစတြီးယားနိုင်ငံတွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီပေါင်း ၁၀၀၀ ကျော်ရှိပြီး လက်ရှိ၌ ဩစတြီးယားပြည်သူ့ပါတီ (OVP)၊ ဩစတြီးယားဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPO)၊ ဩစတြီးယားလွတ်လပ်ရေးပါတီ (FPO)၊ ဂရင်း (GREEN)နှင့် NEOS ဟူသည့် အဓိကပါတီကြီး ၅ ခု ရှိသည်။ မတူညီသောနိုင်ငံရေးပါတီ အများအပြားတည်ရှိမှုသည် ဒီမိုကရေစီ၏ အမှတ်အသားတစ်ခုဖြစ်ပြီး ၎င်းတို့၏အရေးပါမှုသည် နိုင်ငံရေးဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ၎င်းတို့ပါဝင်သည့် အခန်းကဏ္ဍတစ်ခုကြောင့်ဖြစ်သည်။ ဩစတြီးယားနိုင်ငံရေးပါတီများ၏ ကုန်ကျစရိတ်များနှင့် ငွေကြေးထောက်ပံ့မှုများကို စာရင်းစစ်တရားရုံးက စစ်ဆေးသည်။ နိုင်ငံရေးပါတီများသည် ရန်ပုံငွေရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာ နှစ်ပတ်လည်တာဝန်ခံမှု အစီရင်ခံစာများကို ပြုစုပေးရသည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဆိုင်ရာ**

သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အသက် ၃၅ နှစ်ပြည့်ရန် လိုအပ်ပြီး လွှတ်တော်ရွေးကောက်ပွဲအတွက်ဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်သည်။ ဖက်ဒရယ်သမ္မတအဖြစ် အရွေးချယ်ခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် မဲဆန္ဒရှင်များ၏ တရားဝင်ခိုင်လုံမဲလက်မှတ် အနည်းဆုံး ၆၀၀၀ ၏ ထောက်ခံချက်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်ဖွဲ့စည်းထားသော ဖက်ဒရယ်ရွေးကောက်ပွဲ အာဏာရှိသည့် အဖွဲ့အစည်းထံသို့ ကြေညာချက်နှင့်အတူ တင်ပြရသည်။ တစ်ချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်ဝင်ကြေး ယူရို ၃၆၀၀ ကို ပေးဆောင်ရသည်။ အလားအလာရှိသော ကိုယ်စားလှယ်လောင်းများအနေဖြင့် ၂၀၂၂ ခုနှစ် ရွေးကောက်ပွဲအတွက် လက်မှတ်များကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှစတင်၍ စုဆောင်းနိုင်သည်။ နောက်ဆုံးတင်သွင်းရမည့်နေ့မှာ ရွေးကောက်ပွဲမတိုင်မီ ၃၇ ရက်နေ့ (၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့) ၁၇၀၀ နာရီအချိန်တွင်ဖြစ်သည်။ အမျိုးသားကောင်စီကိုယ်စားလှယ်လောင်းနေရာ ခွဲဝေရန်အတွက် ခရိုင်မဲဆန္ဒနယ် ၉ ခု ( ပြည်နယ် ၉ ခုနှင့်ထပ်တူ ) ခွဲကာ ဒေသဆိုင်ရာမဲဆန္ဒနယ် ၃၉ ခုသို့ ထပ်မံပိုင်းခြားထားသည်။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

မဲဆန္ဒရှင်စာရင်းကို မြူနီစီပယ်အာဏာပိုင်များမှ ၎င်းတို့နေထိုင်ရာ နေရာဒေသအလိုက် ပြုစုသည်။ မြူနီစီပယ်များသည် ၎င်းတို့မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာနယ်နိမိတ်အလိုက် စဉ်ဆက်မပြတ်ထိန်းသိမ်းထားရှိသည်။ ဤစာရင်းများသည် ရွေးကောက်ပွဲမတိုင်မီ ထုတ်ပေးသည့် ဗဟိုမဲဆန္ဒရှင်စာရင်းနှင့် ချိတ်ဆက်ထားသည်။ မဲဆန္ဒရှင်အနေဖြင့် မိမိ၏အမည်စာရင်း မှားယွင်းမှုများကို ပြင်ဆင်ရန် သက်ဆိုင်ရာမြူနီစီပယ်များအလိုက် မဲဆန္ဒရှင်စာရင်းကပ်ထားချိန် ၁၀ ရက်အတွင်း တောင်းဆိုခွင့်ရှိပြီး မြူနီစီပယ်၏ဆုံးဖြတ်ချက်ကို အယူခံလျှောက်ထားပါက အုပ်ချုပ်ရေးတရားရုံးသို့ ဆက်လက်လျှောက်ထားနိုင်သည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာမြူနီစီပယ်၏ မဲဆန္ဒရှင်စာရင်းများကို စာရင်းများ၏ကုန်ကျစရိတ်အတိုင်း မိတ္တူကူးယူခွင့်ရှိသည်။

ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်စာရင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များကို အောက်ဖော်ပြပါအချိန်များမှလွဲ၍ အမြဲမပြတ်ဆောင်ရွက်ရသည် -

- အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၈ (၅) အရ ကျင်းပသော ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၆၀ အတွင်း၊
- ကြားဖြတ်ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာလစ်လပ်နေရာများနှင့် ယင်းရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာသည့်အချိန်အတွင်း၊
- အခြားကိစ္စရပ်များတွင် လစ်လပ်နေရာကြေညာပြီးချိန်နှင့် ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာသည့်အချိန်အတွင်း။

**မဲဆန္ဒရှင်များဆိုင်ရာ**

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီးသော ဥပဒေအရ တားမြစ်ခြင်းမခံရသည့် ဩစတြီးယားနိုင်ငံသားများ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ သက်ဆိုင်ရာမဲရုံ၏ မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လက်ခံရရှိသူသည် ယင်းမဲရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒရှင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းဆိုသည်မှာ မဲဆန္ဒရှင် စာရင်းသွင်းချိန်တွင် ထုတ်ပေးသော စာရွက်စာတမ်းဖြစ်သည်။ နိုင်ငံသားများသည် တစ်နှစ်ထက်မပိုသော ရာဇဝတ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရမှသာလျှင် ၎င်းတို့၏ မဲပေးခွင့် ဆုံးရှုံးမည်ဖြစ်သည်။

**ဆန္ဒမဲပေးခြင်း**

ဩစတြီးယားနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များသည် ၎င်းတို့၏အမြဲတမ်းနေရပ်နှင့် သတ်မှတ်ထားသော မဲရုံတွင် မဲပေးရန်ပျက်ကွက်နေသူများသည် ဩစတြီးယားရှိ မဲရုံတိုင်းတွင်မဲပေးရန် သို့မဟုတ် စာတိုက်မှ မဲပေးရန်အတွက် အသုံးပြုနိုင်မည့် "မဲကတ်" ကို ရယူခွင့်ရှိသည်။ ဩစတြီးယားနိုင်ငံသားများသည် စာတိုက်မှ မဲပေးနိုင်သည်။ စာတိုက်မဲပေးခြင်းသည် နိုင်ငံရပ်ခြားနှင့် ဩစတြီးယား၏ ကန့်သတ်ချက်များအတွင်း ညီတူညီမျှဖြစ်သည်။ စာတိုက်မှမဲပေးရာတွင် အသုံးပြုသည့် မဲကတ်များအားလုံးသည် ညနေ ၅ နာရီတွင် ခရိုင်ရွေးကောက်ပွဲ အာဏာပိုင်ထံသို့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ မဲရုံသို့ လာရောက် မဲမပေးနိုင်သည့်ပုဂ္ဂိုလ်များ ဥပမာ- သက်ကြီးရွယ်အိုများ၊ အိပ်ရာထဲလဲနေသူများ၊ အကျဉ်းသားများတို့သည် ရွေးကောက်ပွဲအာဏာပိုင်တစ်ဦးထံတင်ပြ၍ ဝန်ဆောင်မှုများ ရယူနိုင်သည်။ တစ်နည်းအားဖြင့် စာတိုက်မဲပေးခြင်းကိုလည်း အသုံးပြုနိုင်သည်။ မဲဆန္ဒရှင်များသည် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များကို စာတိုက်မှ (mail)ပေးပို့ရာတွင် ဆန္ဒမဲလက်မှတ်နှင့်အတူ ၎င်းတို့၏ဆန္ဒမဲကိုမည်သည့် လွှမ်းမိုးမှုမရှိဘဲ မိမိဆန္ဒအရပေးသည့်မဲဖြစ်ကြောင်း သက်သေအထောက်အထားကိုပါ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

မျက်မမြင်မဲဆန္ဒရှင်များ သို့မဟုတ် ဆိုးရွားသော အမြင်အာရုံချို့ယွင်းနေသူများအား ၎င်းတို့၏ ချို့ယွင်းမှုကိုမခွဲခြားဘဲ ကိုယ်တိုင်မဲပေးပိုင်ခွင့်ရှိစေရန် အထောက်အကူပစ္စည်း (ပုံစံခွက်)ကို ရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားရှိပေးသည်။ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမဲဆန္ဒရှင်များအတွက်မဲပေးရာတွင် လမ်းညွှန်ကူညီပေးနိုင်ရန် လူတစ်ဦး ခေါ်ဆောင်နိုင်သည်။ ထိုကဲ့သို့ ယုံကြည်ရသူကို မဲဆန္ဒရှင်က ရွေးချယ်ခွင့်ရှိပြီး အရာရှိထံ တင်ပြရသည်။

လက်ထက်တွင် ဝန်ကြီး ၁၂ ဦးအနက် ၆ ဦးသည် အမျိုးသမီးများဖြစ်သည်။ ယေဘုယျအားဖြင့် လွှတ်တော်နှစ်ရပ်စလုံးရှိ လက်ရှိလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၄၀ ရာခိုင်နှုန်းသည် အမျိုးသားကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုကောင်စီ ဒုတိယဥက္ကဋ္ဌတို့အပါအဝင် အမျိုးသမီးများဖြစ်ကြသည်။ အမျိုးသားကောင်စီအတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်မှာ အောက်ပါအတိုင်းဖြစ်သည်-

| Party | Votes | % | Seats | +/– |
|---|---|---|---|---|
| Austrian People's Party | 1,789,417 | 37.5 | 71 | +9 |
| Social Democratic Party of Austria | 1,011,868 | 21.2 | 40 | –12 |
| Freedom Party of Austria | 772,666 | 16.2 | 31 | –20 |
| The Greens – The Green Alternative | 664,055 | 13.9 | 26 | +26 |
| NEOS – The New Austria and Liberal Forum | 387,124 | 8.1 | 15 | +5 |
| JETZT | 89,169 | 1.9 | 0 | –8 |
| Communist Party of Austria Plus | 32,736 | 0.7 | 0 | 0 |
| Der Wandel | 22,168 | 0.5 | 0 | New |
| Austrian Beer Party | 4,946 | 0.1 | 0 | New |
| Every Vote Counts! | 1,767 | 0.0 | 0 | 0 |
| BZÖ Carinthia – Alliance of Patriots | 760 | 0.0 | 0 | New |
| Socialist Left Party | 310 | 0.0 | 0 | 0 |
| Christian Party of Austria | 260 | 0.0 | 0 | 0 |
| Invalid/blank votes | 58,223 | – | – | – |
| Total | 4,835,469 | 100 | 183 | 0 |

**ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်း၊ ကြေညာခြင်း**

ဩစတြီးယားနိုင်ငံတွင် မဲများကိုဒေသဆိုင်ရာ ရွေးကောက်ပွဲအာဏာပိုင် (မြူနီစီပယ်နှင့် ခရိုင်ရွေးကောက်ပွဲအာဏာပိုင်များ)မှ သီးသန့်ရေတွက်သည်။ ခြွင်းချက်အနေဖြင့် စာတိုက်မဲများကို ခရိုင်ရွေးကောက်ပွဲအာဏာပိုင်များက ရေတွက်သည်။ ဒေသရွေးကောက်ပွဲဘုတ်အဖွဲ့၏ အဖွဲ့ဝင်အရေအတွက်သည် ရွေးကောက်ပွဲကျင်းပရန် ရည်ရွယ်ထားသည့် ရပ်ရွာတစ်ခု၏ပရိဝုဏ်ကို ရွေးကောက်ပွဲဘုတ်အဖွဲ့များအဖြစ် ထပ်မံခွဲခြားထားခြင်း ရှိ/မရှိ အပေါ်မူတည်သည်။ မြူနီစီပယ်အဖွဲ့၏ ရွေးကောက်ပွဲအာဏာပိုင်သည် ဒေသဆိုင်ရာအာဏာပိုင်အဖြစ်ဆောင်ရွက်ပါက ဥက္ကဋ္ဌ ၁ ဦး နှင့်အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သည်။ ပရိဝုဏ်တစ်ခုအတွက် ဒေသဆိုင်ရာကော်မရှင်ဥက္ကဋ္ဌတစ်ဦးနှင့် တစ်ခုတွင်အဖွဲ့ဝင် ၃ ဦး ၎င်းတို့အတွက် အစားထိုးရန်တစ်ဦး ပါဝင်သည်။ မြူနီစီပယ်အဖွဲ့၏ဥက္ကဋ္ဌများ (များသောအားဖြင့် သက်ဆိုင်ရာမြို့တော်ဝန်)သည် ဥပဒေအရ ကော်မရှင်၏ အကြီးအကဲဖြစ်လာသည်။ ပါတီတစ်ခုအတွက် ကိုယ်စားလှယ်အရေအတွက်ကို ရွေးကောက်ပွဲရလဒ်ကို "D'Hondt" စနစ်ဖြင့် တွက်ချက်သည်။

ကော်မရှင်သည် မဲရုံပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် ရွေးကောက်ပွဲရလဒ်များကို ရေတွက်ဆုံးဖြတ်ခြင်း၊ ကြေညာခြင်းနှင့် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲဥပဒေ အပိုဒ်ခွဲ (၁) အရ ကော်မရှင်သည် ရွေးကောက်ပွဲနောက်ဆုံးရလဒ်ကို မကြေညာမီ ရွေးကောက်ပွဲ လတ်တလောရလဒ် (ယာယီရလဒ်)များကို ကြေညာနိုင်သည်။ ကော်မရှင်သည် ရွေးကောက်ပွဲရလဒ်များအားလုံး စိစစ်တွက်ချက်ပြီးမှသာ နောက်ဆုံးရလဒ်ကို ကြေညာရသည်။

**ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲများနှင့်နောက်ဆုံးကျင်းပခဲ့သည့်ရွေးကောက်ပွဲ**

ဩစတြီးယားနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၆ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့တွင် လွှတ်တော်ရွေးကောက်ပွဲများကို အသီးသီးကျင်းပခဲ့သည်။ လက်ရှိ အစိုးရ

**နောင်ကျင်းပမည့်ရွေးကောက်ပွဲ**

ဩစတြီးယားနိုင်ငံ လာမည့်သမ္မတရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ နိုင်ငံရပ်ခြားတွင်နေထိုင်သော ဩစတြီးယားနိုင်ငံသားများအနေဖြင့် ရွေးကောက်ပွဲတွင်မဲပေးလိုပါက ၂၀၂၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့နောက်ဆုံးထား၍ သက်ဆိုင်ရာ ဩစတြီးယားမြူနီစီပယ်၏ ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းတွင် ထည့်သွင်းနိုင်ရန် လျှောက်ထားရမည်ဖြစ်သည်။ ကြိုတင်မဲများအတွက် လျှောက်လွှာများကိုလည်း စာရင်းသွင်းလျှောက်ထားစဉ်ကပင် ဆောင်ရွက်နိုင်သည်။ မဲများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှ စတင်၍ ဩစတြီးယားမြူနီစီပယ်မှ ပေးပို့မည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် ရွေးကောက်ခံရသော လက်ရှိသမ္မတ Alexander Van der Bellen သည်ပြန်လည်အရွေးခံရန် ကြေညာထားခဲ့သည်။ နိုင်ငံရေးပါတီများစွာက ယင်းကြေညာချက်ကို ထောက်ခံကြသည့်အတွက် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများ တင်သွင်းခြင်းမပြုကြတော့ပေ။ လာမည့် ရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပ မဲဆန္ဒရှင်စုစုပေါင်း ၆ ဒသမ ၄ သန်းရှိသည်။

**နိဂုံး**

ဩစတြီးယားနိုင်ငံသည် နိုင်ငံသားများ ဆန္ဒမဲပေးခွင့်ကို အသက် ၁၆ နှစ် သတ်မှတ်ထားသဖြင့် ဩစတြီးယားလူငယ်များကြား နိုင်ငံရေးစိတ်ဝင်စားမှု တိုးလာစေခြင်းသည် နိုင်ငံရေးဖြစ်စဉ်များတွင် ပြောင်းလဲမှုများဖြစ်ပေါ်လာသလို မဲပေးမှုရာခိုင်နှုန်းတိုးတက်သည်ကိုတွေ့ရှိရပြီး ရွေးကောက်ပွဲများကျင်းပရာတွင်လည်း ကျွမ်းကျွမ်းကျင်ကျင်နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်စေရန် စီမံခန့်ခွဲမှုများကို စနစ်တကျ ဆောင်ရွက်ကြောင်းတွေ့ရှိရသဖြင့် လေ့လာသင့်ကြောင်း တင်ပြအပ်ပါသည်။ ■

ခိုင်လေးငယ်

# National Defence and Security Council of Republic of Union of Myanmar holds meeting 1/2023



Senior General Min Aung Hlaing explains the current national situation at the NDSC meeting.

**Nay Pyi Taw January 31**

The National Defence and Security Council (NDSC) of the Republic of Union of Myanmar held the meeting 1/2023 at the meeting hall of the State Administration Council Chairman's Office here this morning.

Present were Pro Tem President U Myint Swe, Speaker of Pyithu Hluttaw U Khun Ti Myat, Commander-in-Chief of Defence Services Senior General Min Aung Hlaing, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence General Mya Tun Oo, Union Minister for Home Affairs Lt-Gen Soe Htut, Union Minister for Foreign Affairs U Wunna Maung Lwin, Union Minister for Border Affairs Lt-Gen Tun Tun Naung, and SAC Secretary Lt-Gen Aung Lin Dway, SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Legal Affairs Attorney-General Dr Thida Oo, who were specially invited participants. Vice-President U Henry Van Thio asked for leave of absence from the meeting.

First, Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing explained in detail the state of emergency declared all over the country due to vote rigging in 2020 Multiparty General Election, the failure of officials to address the problem, and the attempts to seized State power by force, the implementation of the five-point Roadmap, the establishment of Union election Commission, the inspection of voter lists and the findings, actions taken against the persons who were involved in vote rigging, direct and indirect pressures exerted by the NLD chairperson and former President against the UEC, ongoing Covid-19 prevention, treatment and vaccination programs, endeavours for national economic development and perpetual peace, amnesty and the number of amnesties granted, ongoing work for the correctness of the future voter lists, exposure and seizure of drugs, innocent civilians killed or wounded due to the violent attacks and destructive acts of terrorists groups, CRPH and NUG and their subordinate PDF, and attempts to grab state power through insurgency and terrorism.

Senior General's clarifications were reviewed by NDSC members and specially invited participants.

All the attendees including the Pro Tem President discussed the continued acts of terrorists groups, CRPH and NUG and their subordinate PDF, to kill innocent persons, blow up and destroy public places, intimidate the public with arms, and to grab state power through insurgency and terrorism, which indicate that the situation is not normal yet, despite SAC's efforts for national peace and stability and all-round development. NDSC will issue necessary announcements on 1 February 2023. 100

# Onions from Pakokku fetch K1,700 per viss in Mandalay market

**Mandalay January 31**

Onions from Pakokku entering Mandalay market get handsome prices in trading at K1,700 per viss, said Daw May The we, proprietor of Aung onion and potato brokerage.

Pakokku's onions started entering Mandalay market as from the third week of January, fetching good prices. During the period, onions have high demand at home and abroad markets.

"Onions produced by Pakokku are favorite among merchants in Mandalay market. The demand for Pakokku onions his so high in the market," she added.

Pakokku's onions were traded at K1,550 per viss in the second week of January in comparison with K1,700 per viss on 31 January n Mandalay market.

"So also, onions from Monywa, Myittha and Seikpyu flow into Mandalay market. These onion varieties are being traded as usual," she continued.

184

# UK expected to be only major economy to shrink in 2023 - IMF

**London January 31**

The UK economy will shrink and perform worse than other advanced economies, including Russia, as the cost of living continues to hit households, the International Monetary Fund has said.

The IMF said the economy will contract by 0.6% in 2023, rather than grow slightly as previously predicted.

However, the IMF also said that it thinks the UK is now "on the right track".

Chancellor Jeremy Hunt said the UK outperformed many forecasts last year.

But shadow chancellor Rachel Reeves said the figures showed the UK "lagging behind our peers".

The IMF, which works to stabilise economic growth, said it had downgraded its forecast for the UK because of its high energy prices, rising mortgage costs and increased taxes, as well as persistent worker shortages. It did not mention Brexit in its report as a factor for the UK not performing as well as others. Today marks three years since the UK left the EU.

The UK is expected be the only country to shrink next year across all the advanced and emerging economies. Even sanctions-hit Russia is now forecast to grow this year.

If a country's economy shrinks, typically this means companies make less money and the number of people unemployed rises.

IMF chief economist Pierre-Olivier Gourinchas told the BBC that last year, the UK had "one of the strongest growth numbers in Europe". BBC

# More than 2,000 roles set to go at Tesco

**London January 31**

More than 2,000 roles are at risk at Tesco as it announces more changes to the way it runs its supermarkets.

The grocer said it was planning to cut 1,750 team manager positions across hundreds of its larger stores, while closing positions elsewhere.

Tesco will instead introduce a new tier of shift leader roles which will take over running its shop floor operations.

The 1,800 new posts will be lower paid, but managers who take the jobs will have their pay protected for two years.

Daniel Adams, national officer of the Usdaw union, which represents Tesco workers, said the news would be "especially difficult" for staff in the midst of a cost-of-living crisis.

"We will be doing all we can to support members throughout the process with a view to protecting jobs and, where this is not possible, securing the best possible deal for those affected."

Similar changes have already happened at Tesco's smaller stores, but the grocer is now implementing them at its larger superstores and Tesco Extra shops.

"These are difficult decisions to make, but they are necessary to ensure we remain focused on delivering value for our customers wherever we can, as well as ensuring our store offer reflects what our customers value the most," said Tesco's UK and Ireland boss Jason Tarry.

BBC

# Private sector manages 95% of international port activities in Myanmar


A container ship seen at Yangon international port.

**Yangon January 31**

The private sector has owned up to 95 percent of jetties operating in Myanmar, according to Myanmar Port Authority.

Myanmar Port Authority under the Ministry of Transport and Communications is taking measures to construct more jetties so that more international cargo ships can arrive in the country.

There were 10 international jetties in 1990, 25 in 2010, 33 in 2015 and 45 in 2020. The number reached 46 in 2022.

Myanmar Port Authority alone handled international port activities before 1988. As the country exercises market economy afterwards, local and foreign businesses were allowed to invest in port activities, allowing the private sector to invest. The number of international jetties have increased since 1996.

Currently, the private sector own 95 percent of the international jetties across the country and the State-owned sector just 5 percent. Therefore, the private sector is managing 95 percent of international port activities.

Of the 46 international jetties, 27 are in the Yangon city area and 19 in the Thilawa area.

336

# Applications for pesticides with content of two active ingredients needs firm evidences for registration

**Nay Pyi Taw January 31**

The Ministry of Agriculture, Livestock and Irrigation stated that businesspersons need to show firm evidences based on registration from other countries for applying registration for their pesticides with content of more than two active ingredients.

Active ingredients must be used in manufacturing the pesticide. But, more than two active ingredients in the pesticide may harm the natural environment and health condition of human being.

Hence, the Myanmar Pesticide Registration Board under the Ministry of Agriculture, Livestock and Irrigation held the 38th meeting on 29 January 2022 to decide the rules for allowing the applied pesticides after verifying the registration of other countries whether the entries contain more than two active ingredients.

Hence, the business companies need to submit Research Paper for Human Toxicity of 3 A1 Combination Products, reference from two countries including the manuafcturer country, Research Paper for Efficacy Test of 3 A1 Combination Products, Detail Data of First Add from relevant manufacturing countries to the board for taking registration for their pesticides.

Moreover, the meeting decided to reduce the term of allowing paraquat importation in limited years.

336


A farmer spraying pesticides.

# Freshwater shrimp farming resume in Maubin Township

**Maubin January 31**

A total of 21 freshwater shrimp farmers resumed their businesses in Maubin Township of Ayeyawady Region, said Daw Thin Thin Hlaing, in-charge of the farm of Maubin Township Livestock Farmers Association.

Outbreak of Covid-19 and higher charges in livestock farms delayed to resume of freshwater shrimp farms in Maubin Township. But, the farmers resumed their shrimp farms as from the third week of January 2022.

"Operation of freshwater shrimp farming tasks was suspended due to outbreak of Covid-19 and overcharges of farms in previous years. Now, infection of the pandemic becomes dropping as well as farming charges declines. So, we resume our businesses. Most of all shrimp farmers resumed their farms. On the other hand, they all have contacted purchasers for sending the aqua products to the market," she said.

Each freshwater shrimp farm costs K1 million to K1.2 million but they send aqua products to Yangon market primarily.

Kyaw Kyaw Lin

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Naturally grown red mushroom in Shan State becomes export item, creating local job opportunities

**Mongyaung January 31**

Naturally grown red mushrooms in Shan State have become an export market item, thereby creating job opportunities for manual workers and generating income for businesspeople, according to the Consumer Affairs Department (Eastern Shan State).

Red mushroom is naturally grown in the jungles of the eastern parts of Shan State. It is a lot similar to Lingzhi mushroom. The stalk and lower part of the cap of a red mushroom is white and its upper part is red. Red mushroom is eaten by indigenous people as a dish. It was not marketable in the past. But since about 2015, red mushroom has become an export market item, mainly attractive to China. Dried red mushrooms are being sold to China and now its demand is increasing. Businesspeople have opened wholesale shops buying wet red mushrooms. Likewise, drying red mushrooms has become a commercial-scale business.

According to the data available in the last week of January this year, one kilo of wet red mushrooms was worth K18,000-24,000. Ten kilos of wet red mushrooms can be made into two or 3 kilos of dried red mushrooms. In the wholesale market, one kilo of dried red mushrooms is worth K80,000-110,000. The price with better quality is worth K160,000-200,000.

Now, Mongyaung town alone has seen about 20 businesspeople handling red mushroom purchases and sales.

336


Naturally grown red mushrooms.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပြင်သစ်နှင့် အီတလီတို့ ယူကရိန်းကို SAMP/T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များပံ့ပိုးပေးရန် နောက်ဆုံးအဆင့်သို့ရောက်ရှိ



ပြင်သစ်နှင့် အီတလီတို့သည် ယူကရိန်းကို SAMP/T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ပံ့ပိုးရေးအတွက် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတကာသတင်းအေဂျင်စီ Reuters က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အချို့သောနည်းပညာဆိုင်ရာပြဿနာများကိုဖြေရှင်းရန် လိုအပ်နေသေးသောကြောင့် အပြီးသတ်ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sebastien Lecornu က ဇန်နဝါရီ ၂၇ ရက်တွင် အီတလီနိုင်ငံ၌ ရောက်ရှိနေပြီး အီတလီကာကွယ်ရေး ဝန်ကြီး Guido Crosetto နှင့်တွေ့ဆုံကာ ယူကရိန်းသို့ SAMP/T လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် တပ်ခွဲတစ်ခွဲပေးပို့ရန် တွန်းအားပေးဆွေးနွေးခဲ့သည်။

ယူကရိန်းနိုင်ငံသည် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာပစ်မှတ်များကို ရုရှားတပ်များက လေကြောင်းတိုက်ခိုက်မှုမြောက်မြားစွာပြုလုပ်လာခဲ့ပြီးနောက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပိုမိုတောင်းဆိုခဲ့ကြသည်။ မကြာသေးမီရက်များအတွင်း ရုရှားနိုင်ငံသည် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုပြင်းထန်စွာ လုပ်ဆောင်လာခဲ့ကြသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများသည် ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်အများအပြား ပေးပို့ထားပြီးဖြစ်သော်လည်း ၎င်းမှာ မလုံလောက်သေးပေ။

SAMP/T(Surveillance, Acquisition and Missile Projection/Track) လက်နက်စနစ်သည် လေယာဉ်၊ ဒရုန်းများ(UAV) နှင့် ခရုဇ်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုမျိုးစုံမှ ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ၎င်းကို ဥရောပလုပ်ငန်းစု Eurosam က တီထွင်ထုတ်လုပ်ထားပြီး ဘက်စုံသုံး ရေဒါ၊ ကွပ်ကဲမှုယာဉ်နှင့် Aster 30 ဒုံးကျည်တို့ ပါဝင်ဖွဲ့စည်းထားသည်။

SAMP/T လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပြင်သစ်၊ အီတလီနှင့် ဂရိတို့အပါအဝင် ဥရောပနိုင်ငံအများအပြားက အသုံးပြုနေကြသည်။

SAMP/T သည် တိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များအပါအဝင် ဝင်လာသည့်လေယာဉ်များကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းချုပ်နိုင်သည်။ UAV များနှင့် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

Aster 30 ဒုံးကျည်သည် အမြင့် သုံးကီလိုမီတာအထက်တွင် ပျံသန်းနေသော လေယာဉ်ပစ်မှတ်များနှင့် အမြင့်ကီလိုမီတာ ၂၀ အတွင်း ဝေဟင်ပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည်။ Aster 30 ၏ တိုက်ပွဲဝင်နိုင်သောအများဆုံးအကွာအဝေးမှာ ကီလိုမီတာ ၁၀၀ ဖြစ်သည်။ အမြင့်သုံးကီလိုမီတာအောက်ရှိ လေယာဉ်ပစ်မှတ်များကို Aster 30 ဒုံးကျည်၏ ထိရောက်အကွာအဝေးသည် ကီလိုမီတာ ၅၀ ဖြစ်သည်။ ဤထိရောက်အကွာအဝေးများကို SAMP/T စနစ်တွင်အသုံးပြုသည့် အဓိကလေကြောင်းရန်ကာကွယ်ရေး ကြားဖြတ်တိုက်ခိုက်ရေးလက်နက်ဖြစ်သည့် Aster 30 ဒုံးကျည်၏စွမ်းဆောင်ရည်ဖြင့် သတ်မှတ်ဖော်ပြခြင်းဖြစ်သည်။

SAMP/T စနစ်၏ ဘက်စုံသုံးရေဒါနှင့် အမိန့်ပေးထိန်းချုပ်မှုစနစ်သည် ဝင်ရောက်လာသည့် ခြိမ်းခြောက်မှုများကို ရှာဖွေ၊ ခြေရာခံရန် အတူတကွလုပ်ဆောင်ကြပြီး ပစ်မှတ်ကို ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန် Aster 30 ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်ခြင်းမျိုးဖြစ်ကြောင်း သိရသည်။

**France and Italy are in the final stage to supply Ukraine with SAMP/T air defense missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ တိုက်လေယာဉ်များပေးပို့သွားလိမ့်မည်မဟုတ်ကြောင်း ဂျာမနီအဓိပတိ Scholz ပြော

ယူကရိန်းသည် အနောက်နိုင်ငံမှ ပိုမိုအဆင့်မြင့်သောလက်နက်များတောင်းဆိုနေသော်လည်း ဂျာမနီသည် ယူကရိန်းသို့ တိုက်လေယာဉ်များပေးပို့သွားမည်မဟုတ်ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် ဂျာမနီအဓိပတိ Olaf Scholz က ပြောကြားခဲ့သည်။

Scholz သည် ရက်သတ္တပတ်များစွာကြာ အပြင်းအထန်ဆွေးနွေးမှုများနှင့် မဟာမိတ်များထံမှ ဖိအားများတိုးမြင့်လာပြီးနောက် ယူကရိန်းသို့ Leopard 2 တင့်ကား ၁၄ စီးပေးပို့ရန်နှင့် အခြားဥရောပနိုင်ငံများကို ပေးပို့ခွင့်ပြုရန် Scholz က ပြီးခဲ့သည့် ဇန်နဝါရီ ၂၅ ရက်ခန့်တွင်မှ သဘောတူညီခဲ့ခြင်းဖြစ်သည်။

လက်နက်စနစ်များနှင့် ပတ်သက်လာလျှင် အဆက်မပြတ်တောင်းဆိုနေသည့်အတွက် လေလံစစ်ပွဲအဆင့် မရောက်ရှိစေရန် အကြံပေးနိုင်သည်ဟု Scholz က Tagesspiegel သတင်းစာနှင့်အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အကယ်၍ ဆုံးဖြတ်ချက်တစ်ခုချမှတ်ပြီးသည်နှင့်တစ်ပြိုင်နက် နောက်တစ်ကြိမ်အချေအတင်ဆွေးနွေးမှုသည် ဂျာမနီအနေဖြင့် စတင်မည်ဆိုပါက ၎င်းအချက်သည် မဖြစ်နိုင်တော့သည့် အနေအထားတစ်ရပ်ဖြစ်ပြီး အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် နိုင်ငံသားများ၏ ယုံကြည်မှုကို ပျက်ပြားစေသည်။

တင့်ကားများပေးပို့ခွင့်ကို မီးစိမ်းပြရန် Scholz ၏ ဆုံးဖြတ်ချက်သည် ၎င်း၏ Abrams တင့်ကား ၃၁ စီးကိုပေးပို့မည်ဟု ဆိုလာသော အမေရိကန်နိုင်ငံ၏ ကြေညာချက်နှင့်အတူ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက ဂျာမနီနှင့် အမေရိကန်ကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး စစ်ဘေးသင့်နေသည့်နိုင်ငံကို ပံ့ပိုးရန်ကြိုးပမ်းရာတွင် အောင်မြင်မှုတစ်ခုဟုရှုမြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ဇီလန်စကီးသည် ရုရှားတပ်များကိုတုံ့ပြန်ရာတွင် တိုက်လေယာဉ်များနှင့် တာဝေးပစ်ဒုံးကျည်များအပါအဝင် NATO မဟာမိတ်များထံမှ လက်နက်ကြီးများ ထပ်မံလိုအပ်ကြောင်း ချက်ချင်းဆိုသလို အလေးပေးပြောကြားခဲ့သည်။

သတင်းစာ အင်တာဗျူးတစ်ခုတွင် ဂျာမနီအဓိပတိ Scholz က ရုရှားဘက်မှ တင့်ကားများပေးအပ်ခြင်းဆိုင်ရာ ကတိကဝတ် များကို ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပြီး တစ်ဆက်တစ်စပ်တည်း တင်းမာမှုများ တိုးလာမည့်အန္တရာယ်ကိုလည်း ရှောင်ရှားရန် သတိပေးခဲ့သည်။



"NATO နဲ့ ရုရှားကြားပဋိပက္ခမဖြစ်သေးပါဘူး။ ဒီလိုမျိုးတင်းမာမှုတွေကို ခွင့်မပြုပါဘူး"ဟု Scholz က ဆိုသည်။

**Germany Won't Send Fighter Jets to Ukraine, Says Scholz ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံက Saab ကုမ္ပဏီထံမှ AT4 သံချပ်ကာဖျက်လက်နက်များကို အမေရိကန်ဒေါ်လာ ၂၆ သန်းဖြင့်ဝယ်ယူ



ပြင်သစ်ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီသည် Saab ကုမ္ပဏီထံမှ AT4 သံချပ်ကာဖျက်လက်နက်များကို အမေရိကန်ဒေါ်လာ ၂၆ သန်းဖြင့် ဝယ်ယူခဲ့သည်။

ဆွီဒင်ကုမ္ပဏီ၏အဆိုအရ လူတစ်ကိုယ်သယ်ယူနိုင်သော လက်နက်စနစ်သည် ရန်သူတင့်ကားများနှင့် လေးလံသောတိုက်ခိုက်ရေးယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း၊ ရန်သူတပ်ဖွဲ့များပုန်းအောင်းနေသည့်အဆောက်အအုံများနှင့် အကာအကွယ်ပေးထားသည့် အခြေခံအဆောက်အအုံများကို တိုက်ခိုက်ရန်အတွက် အသုံးပြုနိုင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် အသင့်တပ်ဖြန့်အသုံးပြုနိုင်မည့် AT4 လက်နက်များပေးပို့ခြင်းသည် ပြင်သစ်စစ်ဘက်ကို စစ်မြေပြင်တွင် အသာစီးရရန်အတွက် လိုအပ်သောတိုက်စွမ်းအားများ ပိုင်ဆိုင်နိုင်စေကြောင်း၊ ကမ္ဘာ့အဆင့်မီ AT4 သံချပ်ကာဖျက်စနစ်ကို ပြင်သစ်သို့ပေးပို့ရန် ထပ်မံရွေးချယ်ခံရသည့်အတွက်ဂုဏ်ယူမိပါကြောင်း Saab ကုမ္ပဏီမှအရာရှိ Görgen Johansson က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် Saab ကုမ္ပဏီက အဆင့်မြင့်တင်ထားသည့် တိုက်ပွဲဝင်နိုင်သော အကွာအဝေး၊ အဆင့်မြင့်ဖောက်ခွဲရေးပစ္စည်းများနှင့်ဘန်ကာကဲ့သို့အဆောက်အအုံဖျက် လက်နက်စနစ်မျိုးကွဲများကို ယခင်ကတည်းက ဝယ်ယူအားပေးခဲ့သည်။

Saab ကုမ္ပဏီ၏ AT4 သံချပ်ကာဖျက်လက်နက်စနစ်သည် ပေါ့ပါးပြီး အမျိုးမျိုးသော တိုက်ခိုက်ရေးမစ်ရှင်များကိုပံ့ပိုးရန် အကောင်းဆုံးပြင်ဆင်ထုတ်လုပ်ထားသည့်လက်နက်မျိုးဖြစ်သည်။ ၎င်းသည် မီတာ ၂၀၀ မှ မီတာ ၁၀၀၀ ထိ အကွာအဝေးအတွင်း ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း၊ အတွေ့အကြုံနည်းသောစစ်သည်များပင် လက်နက်စနစ်ကို အသုံးပြုနိုင်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

AT4 တင့်၊ သံချပ်ကာဖျက်လက်နက်သည် ညပိုင်းနှင့် အလုံခန်းအတွင်း၌ပင် တိုက်ပွဲဝင်နိုင်မှုစွမ်းရည်များ အပါအဝင် ပေးအပ်လာသောရည်မှန်းချက် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောစွမ်းရည်များကို ဖြည့်ဆည်းပေးနိုင်ရန် မည်သည့်အရာမဆိုအတွက် အဆင်သင့်ဖြစ်နေပါပြီဟု Saab က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**France Buys AT4 Anti-Armor Weapons From Saab for $26M ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံ ဘိုကိတ်ပဲနှင့် မတ်ပဲ ၅၅၀၅ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘိုကိတ်ပဲနှင့်မတ်ပဲ ၅၅၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘိုကိတ်ပဲနှင့် မတ်ပဲ ၅၅၀၅ ဧကကို နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဘိုကိတ်ပဲနှင့် မတ်ပဲဧက အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံ ဘိုကိတ်ပဲနှင့် မတ်ပဲတို့ကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများ၏ လယ်မြေစိုက်ကွက်များထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဘိုကိတ်ပဲနဲ့ မတ်ပဲ ၅၅၀၅ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒေသတချို့မှာ ဘိုကိတ်ပဲအမျိုးအစားကို ပိုမိုစိုက်ပျိုးတာတွေ့ရပါတယ်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအနေနဲ့ ပဲသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့အတွက် ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဓာတ်မြေဩဇာတွေ ပိုးသတ်ဆေးတွေကိုလဲ စနစ်တကျသုံးစွဲတတ်စေဖို့၊ ချွေတာအသုံးပြုဖို့ကိုလဲ အသိပညာပေး ဆောင်ရွက်ထားပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘိုကိတ်ပဲနှင့် မတ်ပဲစုစုပေါင်း ၅၅၀၅ ဧကကို ကျေးရွာပေါင်း ၁၉ ရွာတွင် အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်ပဲသီးနှံများ အရည်အသွေးကောင်းမွန်ပြီး တစ်ဧကချင်း အထွက်နှုန်းညီစေဖို့အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဈေးနှုန်းကောင်းမွန်စွာ ရရှိရေးကိုလည်း ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သီပေါမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမိတ်ကပ်ဆံပင်အလှပြင်သင်တန်းဆင်း

**သီပေါ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီပေါမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မိတ်ကပ်ဆံပင်အလှပြင် သင်တန်းဆင်းပွဲကိုယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမိတ်ကပ်ဆံပင် အလှပြင်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင်သင်ကြားပို့ချမှုများကိုအခြေခံ၍ ပြင်ပတွင်ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်သည်ထိ ဆက်လက်၍ ကြိုးစားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု မိတ်ကပ်ဆံပင်အလှပြင်သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဇန်နဝါရီ ၁၅ ရက်မှ ၃၀ ရက်ထိ ၁၆ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ညောင်ဝန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ညောင်ဝန်းကျေးရွာတွင် လမ်းအရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အကျယ် တစ်ပေ၊ အရှည်ပေ ၂၀ ရှိ Pipe Culvert ငါးစင်းနှင့် အရှည် ပေ ၈၀ ရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့တာဝန်ယူပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ဝန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၁၀၊ လူဦးရေ ၉၁၉ ဦးတို့၏ စိုက်ပျိုးမြေ လယ်၊ ယာဧက ၉၈၀ တို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးဧကများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

## နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

### နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆/ ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၀ တွင်-

(က) ပုဒ်မခွဲ(ဏ)၏ နောက်တွင် ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ(ထ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"(တ) ကော်မတီက မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ထားသည့် အဖွဲ့၊ အဖွဲ့ဝင်နှင့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားနှောင့်ယှက်သူများအား အရေးယူခြင်း။**

**(ထ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ရငွေ၊ အခွန်အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးနှင့် တရားရုံးဒဏ်ငွေများကို စီမံခန့်ခွဲခြင်း၊"**

(ခ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော **"ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ"**ဆိုသည့် စကားရပ်ကို **"ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ"**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ တွင် ပါရှိသော **"သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ"**ဆိုသည့် စကားရပ်ကို **"ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ"**ဆိုသည့် စကားရပ်ကို **"ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃ ၏နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**၃၃-က။ ကော်မတီက ရရန်ရှိသည့်အခွန်ကြွေးကျန်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုအခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။"**

၆။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၇ ၏နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"၃၇-က။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ရာခိုင်နှုန်းသတ်မှတ်၍ ဆုကြေးငွေအဖြစ် ချီးမြှင့်နိုင်သည်။"**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃/ ၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

### နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၁၅/ ၂၀၂၃)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/ ၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သောပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ် (၂၂) နေပြည်တော်သို့ ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁/ ၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

### နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၁၀/ ၂၀၂၃)ဖြင့် **"နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို"**ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂/ ၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

### နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ်(၁၅/ ၂၀၂၃)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/ ၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ် (၂၂) နေပြည်တော်သို့ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၁၀/ ၂၀၂၃) ဖြင့် **"နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ"** ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ နည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကိုအထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၅ ကျပ်သား ၅ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၃ ကျပ်သား ၇ ပဲ ၄ ရွေး၊ ပုလဲနှင့်ကျောက်မျက်ရတနာမျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၁၂ ကျပ်သား ၄ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၅ ကျပ် ၁၀ ပဲ ၂ ရွေး၊ ပုလဲနှင့်ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများနှင့် နိုင်ငံ့ဂုဏ်ဆောင်ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၂၁၅၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁ ကျပ်သား ၅ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၀ ကျပ်သား၊ ပုလဲ၊ ကျောက်မျိုးစုံနှင့် ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၁၁၈ သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၁၀ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄ ကျပ်သား ၄ ပဲ ၂ ရွေး၊ ပတ္တမြားဆင်းတုတော် ၁ ဆူ၊ ၁ ဒသမ ၄ ဂရမ်ရှိ ပတ္တမြားနားကပ် တစ်ရန်၊ ပုလဲ ၂၇ လုံး၊ ပီခြူးလက်ကောက် နှစ်ကွင်းနှင့် ကျောက်မျိုးစုံတို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။











မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းစဉ်။

# ၂၀၂၃ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ၂၀၂၃ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲဖွင့်ပွဲ တက်ရောက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၂၃ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အားကစားအဖွဲ့များကို လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေတင်ဆက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ဦးသောင်းဝင်းနှင့် ၎င်း၏ အသည်းအလှူရှင်ဖြစ်သော ဦးဖြိုးအောင်ဇင်တို့ကို ခွဲစိတ်ကုသ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အသည်းအစားထိုးခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လိုအပ်သောပြုစုကုသမှုများကို အထူးကြပ်မတ်ကုသခန်း၌ သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကာကွယ်ဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်စဉ်။

# ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် စွမ်မိုင်ရပ်ရှိ တိုင်းနေ နာရေးကူညီမှုအသင်းရုံးအသစ်ဖွင့်လှစ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် စွမ်မိုင်ရပ်ရှိ တိုင်းနေ နာရေးကူညီမှုအသင်းရုံးအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် စွမ်မိုင်ရပ်ရှိ တိုင်းနေ နာရေးကူညီမှုအသင်းရုံးအသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် အဆိုပါရုံး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ နာရေးကူညီမှုအသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူး၊ တိုင်းနေနာရေးကူညီမှု အသင်းနာယက ကွရင်စီသီလရှင်ကျောင်းမှ ဆရာလေးနှင့် တိုင်းရင်းသားပေါင်းစုံ လူမှုကူညီရေးအသင်းဥက္ကဋ္ဌတို့က တိုင်းနေ နာရေးကူညီမှုအသင်းရုံးအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် တိုင်းမှူးက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့ငွေများကိုလည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စေတနာထား၍တည်ဆောက်ပေးသော MINN PIONEER GROUP COMPANY အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းနေ နာရေးကူညီမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆေးအလုံးရေ ၂၀၀၀၀ နှင့် ဆေးထိုးအပ်အချောင်း ၁၀၀၀၀၀ တို့ကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**အားစကားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာရှန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှု စစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုနှင့် ဥစားကြက်နှင့် အသားတိုးကြက် မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဖေဖော်ဝါရီ ၂၈ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဖေဖော်ဝါရီ ၂၈ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့မှ လပွတ္တာမြို့နယ် အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ များကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် လပွတ္တာမြို့နယ် အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၉၈ ဦးကို ၄င်းမြို့ရှိ ဦးဟိုက်ပင့် တံတားဆိပ်ကမ်း၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၈၁ ဦး၊ ခွဲစိတ်ရောဂါ ၁၂၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၈ ဦး၊ ကလေးရောဂါ ၇၃ ဦး၊ အရိုးအကြောရောဂါ ၃၆၈ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄၃ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားရောဂါ ၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ဦးရေ ၄၀ တို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၉ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# တောင်ကုတ်မြို့နယ် မအီမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့ဝန်ထမ်းဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မအီမြို့ရှိ ရတနာ့မာရ်အောင် တောရဓမ္မရိပ်သာ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က သံဃာတော်များ၊ သာသနာ့ဝန်ထမ်းဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၅၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဇန်နဝါရီ ၃၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၁၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၂၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၉၉ ဦး |

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ သတ္တုရိုင်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





**နေပြည်တော် ဇန်နဝါရီ ၃၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဟားခါးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟားခါးမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ ၂ ဒသမ ၃၂၉၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၇၆၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော အသင့်စားကြာဆံထုပ်များ၊ Smart တံဆိပ်ပါ အမွှေးဆီများနှင့် အဝတ်အထည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၃၂၄၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်သော မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၅၃၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၃၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့က သံလွင်တံတား (မော်လမြိုင်)၌ သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့မှ မော်လမြိုင်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခနောက်စိမ်း တန် ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော HINO PROFIA Truck အမျိုးအစား မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်၊ ပျဉ်းကတိုးသစ်၊ သစ်ရာသစ် ၃ ဒသမ ၈၂၇၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၂၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ်၂၆၁၀၈၂၉၅၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"KNPP/PDF အကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ်စခန်းပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး"**ခေါင်းစဉ်ဖြင့် ၁-၂-၂၀၂၃ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆားလင်းကြီးမြို့ အမှတ် (၃) ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရုံးဟောင်းအဆောက်အအုံကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသောပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင် အဆောက်အအုံများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ရောက်ရှိလာပြီး အဆိုပါရုံးဝင်းအတွင်းရှိ အဆောက်အအုံတစ်လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မီးလောင်မှုကြောင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ အမြင့် ပေ ၂၀ သွပ်မိုးဝါးကပ်ကာ အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နေ စိုးရတနာဦးသည် ၎င်းအသုံးပြုသည့် "Soe Yadanar Oo" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မလေးရှားနိုင်ငံ ဂျာဟိုးပြည်နယ်မှ ရေဘေးသင့် ၆၁၉ ဦး နေရပ်သို့ ပြန်ခွင့်ပြု



**ကွာလာလမ်ပူ ဇန်နဝါရီ ၃၁**

မလေးရှားနိုင်ငံတွင် ဇန်နဝါရီ ၃၀ ရက်မှစ၍ ရေကြီးရေလျှံမှု အခြေအနေ တည်ငြိမ်လာသည့်အတွက် ဂျာဟိုးပြည်နယ်မှ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ရေဘေးသင့်ဒေသခံ ၆၁၉ ဦးကိုနေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဂျာဟိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Malay Mail သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်က ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့မှုကြောင့် ပြည်နယ်ခြောက်ခုတွင် ဒေသခံ ၂၇၅၇ ဦး နေရပ်ကို စွန့်ခွာကာ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ဂျာဟိုးပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော မိသားစု ၆၀၂ စုထိရှိခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်နယ်ခြောက်ခုအနက် ဂျာဟိုးပြည်နယ်မှ ဒေသခံများမှာ ရေဘေးအန္တရာယ်ဖြင့် အများဆုံး ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း ဂျာဟိုးပြည်နယ်၏ အတွင်းရေးမှူးဖြစ်သူ တန်စရီက ပြောကြားခဲ့သည်။

"ဂျာဟိုးပြည်နယ်မှာ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတချို့ကို နေရပ် ပြန်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဘာတူပါဟက်ခရိုင်၊ မာစင်းခရိုင်၊ ကိုတာတန်ဂီခရိုင်နဲ့ စီဂါမတ်ခရိုင်က ဒေသခံတွေကိုတော့ နေရပ်ပြန်ခွင့် မပြုသေးပါဘူး။ ဘာတူပါဟက်ခရိုင်မှာ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံ ၈၇၉ ယောက်ရှိနေပါသေးတယ်။ မာစင်းခရိုင်နဲ့ စီဂါမတ်ခရိုင်တို့မှာလဲ ကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံအယောက် ၈၀၀ ကျော်ရှိနေပါသေးတယ်။ အခြေအနေတည်ငြိမ်သွားမှပဲ နေရပ်ကိုပြန်ခွင့်ပြုသွားမှာဖြစ်ပါတယ်"ဟု ဂျာဟိုးပြည်နယ်၏ အတွင်းရေးမှူးဖြစ်သူ တန်စရီက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# နယူးဒေလီမြို့တွင် စက်မှုလုပ်ငန်းများနှင့် အခြားရင်းမြစ်အမျိုးမျိုးမှ မီးခိုးများကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပွားလျက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၃၁**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်မှုလုပ်ငန်းများနှင့် အခြားရင်းမြစ်အမျိုးမျိုးမှ ထွက်ပေါ်လာသော မီးခိုးများကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း နယူးဒေလီမြို့ရှိ နည်းပညာတက္ကသိုလ်နှင့် စွမ်းအင်နှင့် အရင်းမြစ်ဌာနတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် သိပ္ပံအဖွဲ့အစည်းက ဇန်နဝါရီ ၃၀ ရက်က ပြောကြားခဲ့သည်ဟု Hindustan Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်ကို လေထုညစ်ညမ်းမှုတိုင်းတာရန်အတွက် တည်ထောင်ထားသည့် အဆိုပါသိပ္ပံအဖွဲ့အစည်း၏သတင်းအချက်အလက်များအရ လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ဓာတ်အားပေးစက်ရုံများ၊ သန့်စင်ခန်းများ၊ အုတ်ဖိုများ၊ မော်တော်ကားများနှင့် ဇီဝလောင်စာများ အသုံးပြုခြင်းတို့မှ ထွက်ပေါ်လာသော အခိုးအငွေ့များကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောသုံးလမှ စုစည်းရရှိသော တိုင်းတာခဲ့သည့် အချက်အလက်များအရ လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်းသည် ဇီဝလောင်စာလောင်ကျွမ်းမှုမှ ၂၄ ရာခိုင်နှုန်း၊ မော်တော်ယာဉ်များမှ ထွက်ပေါ်လာသောအခိုးအငွေ့များမှ ၁၇ ရာခိုင်နှုန်းထိပါဝင်ပြီး ရာခိုင်နှုန်း ၇၀ ခန့်မှာ မြို့တော်ပြင်ပမှ ရောက်လာသော ဆင့်ပွားလေထုမှဖြစ်ကြောင်း အဆိုပါအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ Mukesh Sharma က ပြောကြားခဲ့သည်။

နယူးဒေလီမြို့တော်ဝန် Arvind Kejriwal က ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေး၊ အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်စစ်ဆေး၍ သတင်းရင်းမြစ်များရရှိရေးအတွက် Supersite နှင့် Mobile Van လေ့လာရေးဌာန နှစ်ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး ရရှိလာသော သတင်းရင်းမြစ်များအရ နယူးဒေလီမြို့ လေထုညစ်ညမ်းမှုသည် လျော့ကျလာကာ အလယ်အလတ်အဆင့်သို့ ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။

AZH

# အာဖရိကဦးချိုဒေသတွင် ဆယ်စုနှစ်လေးစုအတွင်း လူဦးရေ ၂၂ သန်းခန့် အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုနှင့် စားနပ်ရိက္ခာအခက်အခဲဖြင့် ရင်ဆိုင်နေရ

**ဂျိုနီဗာ ဇန်နဝါရီ ၃၀**

အာဖရိကဦးချိုဒေသ အီသီယိုးပီးယားတောင်ပိုင်း၊ ကင်ညာနှင့် ဆိုမာလီယာ မြောက်ပိုင်းတို့ရှိ လူဦးရေ ၂၂ သန်းခန့်သည် ဆယ်စုနှစ် လေးစုအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် စားနပ်ရိက္ခာ အခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)ထုတ်ပြန်ချက်အရ သိရသည်ဟု Africa News သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဒေသခံများသည် မွေးမြူရေးကို အဓိကလုပ်ကိုင်သူများဖြစ်ကာ ၂၀၂၀ ပြည့်နှစ် နောက်ပိုင်း မိုးရာသီ ငါးကြိမ်ဆက်တိုက် မိုးခေါင်ရေရှားမှုကို ဆိုးရွားစွာကြုံတွေ့ခဲ့ရပြီး အီသီယိုးပီးယားတွင် လူ ၁၂ သန်း၊ ဆိုမာလီယာတွင် ၅ ဒသမ ၆ သန်းနှင့် ကင်ညာတွင် ၄ ဒသမ ၃ သန်းတို့မှာ စားနပ်ရိက္ခာ အခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။



ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အစီရင်ခံစာအရ အာဖရိကဦးချိုဒေသသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံရသော ဒေသအဖြစ် ဖော်ပြခဲ့ပြီး မိုးခေါင်ရေရှားမှုကြိမ်နှုန်းတိုးလာသည်နှင့်အမျှ ရာသီဥတုပြင်းထန်မှု တိုးမြင့်လျက်ရှိသဖြင့် ဒုက္ခရောက်သူအရေအတွက်များလာကြောင်း သိရသည်။

အကူအညီပေးရေးအေဂျင်စီများနှင့် ဒေသခံလူထု၏ ကြိုးပမ်းမှုများမှာ ဒုက္ခရောက်နေသောနိုင်ငံများအတွက် စားနပ်ရိက္ခာအခက်အခဲကိုဖြေရှင်းရန် လုံလောက်မှုမရှိကြောင်းနှင့် အဆိုပါအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂတွင် တောင်းခံထားသော အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံသည်လည်း တစ်ဝက်ခန့်သာ ပံ့ပိုးပေးနိုင်သေးသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

AZH

# ဘယ်လ်ဂျီယံနိုင်ငံတွင် အအေးဓာတ်လွန်ကဲမှုကြောင့် Sloth ဝက်ဝံတချို့ သေဆုံးမှုဖြစ်ပွား

**ဘရပ်ဆဲလ် ဇန်နဝါရီ ၃၁**

ဘယ်လ်ဂျီယံနိုင်ငံတွင် အအေးဓာတ်လွန်ကဲမှုကြောင့် ရှားပါးဝက်ဝံမျိုးစိတ်ဖြစ်သည့် Sloth ဝက်ဝံတချို့ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဘယ်လ်ဂျီယံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SudInfo သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အအေးဓာတ် လွန်ကဲနေခြင်းကြောင့် ဘယ်လ်ဂျီယံအာဏာပိုင်အဖွဲ့အစည်းက ကာတာအာဏာပိုင်အဖွဲ့အစည်းနှင့် ဆွေးနွေးညှိနှိုင်းကာ Sloth ဝက်ဝံတချို့ကို ယာယီရွှေ့ပြောင်းပေးနေကြောင်း၊ အအေးဓာတ် လွန်ကဲမှုကြောင့် Sloth ဝက်ဝံသုံးကောင် သေဆုံးခဲ့ပြီး ကာတာနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် Sloth ဝက်ဝံကိုးကောင်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း ဘယ်လ်ဂျီယံအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အအေးဓာတ်လွန်ကဲမှုကြောင့် Sloth ဝက်ဝံ သုံးကောင် သေဆုံးခဲ့ပါတယ်။ နောက်ထပ်သေဆုံးမှုတွေမဖြစ်စေဖို့အတွက် Sloth ဝက်ဝံကိုးကောင်ကို ကာတာနိုင်ငံဆီ လေကြောင်းခရီးစဉ်နဲ့ပို့ဆောင်ပေးနေပါတယ်။ Sloth ဝက်ဝံ သေဆုံးမှုနဲ့ပတ်သက်ပြီး အဓိကတာဝန်ရှိသူတွေက ဘယ်သူလဲ၊ ဘာတွေလုပ်ဆောင်သင့်သလဲဆိုတာကိုလဲ အဖြေရှာနေပါတယ်။ Sloth ဝက်ဝံတွေ နောက်ထပ်သေဆုံးမှုမဖြစ်ပေါ်စေဖို့အတွက် ဘာတွေလုပ်ဆောင်သင့်သလဲဆိုတာကို ဆွေးနွေးအဖြေရှာနေပါတယ်"ဟု ဘယ်လ်ဂျီယံနိုင်ငံ တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့အစည်းဖြစ်သည့် Celine Tellier အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဝေါလွန်က ပြောကြားခဲ့သည်။

Sloth ဝက်ဝံမျိုးစိတ်သည် အိန္ဒိယနိုင်ငံတွင် ပေါက်ဖွားသည့် မျိုးစိတ်ဖြစ်သကဲ့သို့ အအေးဓာတ်မကြိုက်သည့် ဝက်ဝံမျိုးစိတ်များလည်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဘရာဇီးနိုင်ငံ ယာနိုမာမီနယ်မြေရှိ ရွှေတူးဖော်ရေးလုပ်ကွက်များမှ တရားမဝင်မိုင်းလုပ်သားများ၏ သယ်ယူပို့ဆောင်ရေးလမ်းကိုဖြတ်တောက်ရန် ဘရာဇီးသမ္မတ ညွှန်ကြား

**ဘရာစီးလီးယား ဇန်နဝါရီ ၃၁**

ဘရာဇီးနိုင်ငံ ယာနိုမာမီနယ်မြေတွင် ရွှေတူးဖော်ရေးမိုင်းလုပ်သားများ၏ ရွှေတူးဖော်ရေးလုပ်ကွက်များကို ပိတ်သိမ်းနိုင်ရေးအတွက် ဘရာဇီးသမ္မတ လူလာဒါလ်ဆေးဗားက အဆိုပါ ရွှေတူးဖော်ရေးလုပ်ကွက်များမှ တရားမဝင်မိုင်းလုပ်သားများ၏ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ဖြတ်တောက်ရန် ယာနိုမာမီနယ်မြေအာဏာပိုင်အဖွဲ့အစည်းထံ ညွှန်ကြားခဲ့ကြောင်း The Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါလ်ဆေးဗားသည် သမ္မတရာထူးကို တရားဝင်လွှဲပြောင်းလက်ခံခဲ့ရပြီးနောက် မဲဆွယ်ကာလတွင် ပြည်သူလူထုကို ကတိပေးထားသည့်အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြောင်း၊ သမ္မတ လူလာဒါလ်ဆေးဗားသည် နိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် မိုင်းတွင်းလုပ်ကွက် အားလုံးကို ပိတ်သိမ်းရန်မဖြစ်နိုင်သည့်အတွက် တရားမဝင်မိုင်းတွင်းလုပ်ကွက်များကိုပိတ်သိမ်းရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ယာနိုမာမီနယ်မြေရှိ တရားမဝင်မိုင်းလုပ်သားများ အဓိကအသုံးပြုနေသည့် လေကြောင်းခရီးစဉ်နှင့် ရေကြောင်းခရီးစဉ်များကို ဖြတ်တောက်ရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးကို တိုက်ရိုက်ညွှန်ကြားခဲ့ကြောင်း သိရသည်။

"ယာနိုမာမီနယ်မြေက တရားမဝင်မိုင်းလုပ်သားတွေ အသုံးပြုနေတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ဖြတ်တောက်သွားဖို့ သမ္မတက ညွှန်ကြားထားပါတယ်။ အခုလို သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကိုဖြတ်တောက်ဖို့ ဆုံးဖြတ်ရတဲ့ ရည်ရွယ်ချက်ကတော့ ယာနိုမာမီနယ်မြေအတွင်း တရားမဝင်အလုပ်သမားတွေပပျောက်ဖို့၊ တရားမဝင်မိုင်းတွင်းလုပ်ကွက်တွေ ပိတ်သိမ်းနိုင်ဖို့နဲ့ ရောဂါပြန့်ပွားမှုတွေ မဖြစ်စေဖို့၊ တရားမဝင်မိုင်းတွင်းလုပ်ကွက်တွေကြောင့် သဘာဝပတ်ဝန်းကျင်တွေပျက်စီးယိုယွင်းလာမှုကိုလဲ ဟန့်တားနိုင်ဖို့ဖြစ်ပါတယ်"ဟု ဘရာဇီးသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလုပ စိမ်းမြမြ

0w Kv ld @

# ဆည်းဆာအို

ချစ်ဖူးဝေ



(၁)

ငယ်ရွယ်နုပျိုစဉ်ကအချိန်တွေကို ပြန်တွေးပြီး တမ်းတနေတတ်တဲ့အရွယ်လဲ မဟုတ်တော့ဘူး။ အဲဒီအချိန်က မက်ခဲ့တဲ့မျှော်လင့်ခြင်းအိပ်မက်ဟာလဲ အခုလိုအိပ်မက်မျိုးမဟုတ်ခဲ့ဘူး။ ကြင်ကြင်နာနာနဲ့ ပျော်ရွှင်တဲ့အိပ်မက်မျိုးကို ကျွန်မမက်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခုတော့ တိတ်ဆိတ်နေတဲ့တစပြင်ကြီးမှာ ကျွန်မဟာ အထီးကျန်စွာ တစ်ကိုယ်တည်းနေနေရတယ်။ တစ်ခါတလေ ကျွန်မစိတ်က ပျော်ရွှင်လာရင် အုတ်ဂူဖွေးဖွေးတွေကြားထဲ ပြေးကာလွှားကာခုန်ပေါက်ကခုန်နေတတ်တယ်။ အစိုးမရတဲ့စိတ်က ညောင်ပင်ကြီးအောက်သွားပြီး ရွှေဝါရောင်စပါးခင်းကြီးတွေကို ကြည့်ရင်း မျက်ရည်ဥတွေလဲ ကျဆင်းလာတတ်တယ်။ ပြေးလွှားဆော့ကစားနေကြတဲ့ကလေးတွေကိုလဲ ငေးကြည့်နေတတ်သေးတယ်။ အဲဒီအချိန်မှာ ကလေးတွေက ကြောက်ကြောက်လန့်လန့်နဲ့-

"အရူးမကြီး အရူးမကြီး"လို့ခေါ်ပြီး ထွက်ပြေးသွားကြတယ်။

ဩော်. . . ကျွန်မတကယ်ပဲရူးနေပြီလား။ မချိတင်ကဲ ရယ်သွမ်းတစ်ချက်သွေးလိုက်မိလေရဲ့။

"ဟင်း. . . ဟင်း. . . ဟင်း"

(၂)

ဆယ်ကျော်သက်အရွယ်ဆိုတာ သစ်ရွက်ကလေးလှုပ်သွားရင်လဲ ရင်ခုန်တတ်ကြတယ်မဟုတ်ပါလား။ ကျွန်မ အသက် ၁၇ နှစ်အရွယ်မှာ အချစ်ဆိုတဲ့အရာကြောင့် ကျွန်မရင်ခုန်တတ်ခဲ့တယ်။ ကျွန်မခိုနားခဲ့တဲ့ သူ့ရင်ခွင်ဟာ နွေးထွေးပြီး ပျော်ရွှင်စရာကောင်းမယ်လို့ မျှော်လင့်ခဲ့တယ်။ ဒါကြောင့် ချစ်ခြင်းမေတ္တာပေးတဲ့ မိဘနှစ်ဦးရဲ့လောင်းရိပ်ကို စွန့်ခွာခဲ့တယ်။ ချစ်သူမျက်နှာတစ်ရှာထင်ရင်း လိုက်ပါလာခဲ့မိရင်းပေါ့။ အဲဒီနောက်မှ သူ့ရင်ခွင်ကို ခိုလှုံထားပြီး သူလဲရှိနှင့်နေပြန်တယ်။ မတတ်နိုင် ကျွန်မရဲ့ဘဝပေးကံကြမ္မာကိုပဲ အပြစ်ဖို့လိုက်မိတယ်။ လူတွေက ကျွန်မကို အငယ်အနှောင်းအဖြစ် ပြောစမှတ်ပြုလာကြတယ်။

"အုန်းခင် ဒီကို လာစမ်း။ ပေးစမ်း ပိုက်ဆံ။ ငါအရက်သွားသောက်မလို့"

"မရှိတော့ဘူး ကိုထင်"

"မရှိဘူးဟုတ်လား။ ကဲကွာ. . . ကဲကွာ"

လင်ယောကျ်ားရဲ့ ရိုက်နှက်တတ်တာကိုလဲ ကျွန်မ အလူးအလဲခံခဲ့ရတယ်။ ယောက္ခမတွေရဲ့အပြစ်တင်ပြောဆိုတာတွေလဲ သည်းခံရတယ်။ နောက်ဆုံး သံသရာဝဋ်ကြွေးကုန်သွားတော့ ကျွန်မရဲ့သားနဲ့သမီး လက်ကိုဆွဲကာ အပြီးအပိုင်ပြေးထွက်လာခဲ့မိတော့တာပါပဲ။

(၃)

သားနဲ့သမီးပညာတတ်ကြီးတွေ ဖြစ်နေတာကို ကျွန်မမြင်ချင်ခဲ့တယ်။ ဒါပေမဲ့လဲ ပညာကိုတတ်သင့်သလောက်ပဲ သင်ပေးခွင့်ရခဲ့တယ်။ သားနဲ့သမီးလဲ ကြင်ရာစုံလို့ အိမ်ထောင်တွေပြုကြလေရဲ့။ ကျွန်မလဲ အသက်အရွယ်အားဖြင့် ၅၅ နှစ်အရွယ်ကို ကျော်လွန်ခဲ့လေတယ်။ သားသမီးတွေ၊ မြေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေချင်မိတာ ကျွန်မဆန္ဒ။ ကျွန်မမရရှိခဲ့တဲ့မေတ္တာတွေ မြေးလေးတွေကို ပေးစွမ်းချင်ခဲ့မိသား။ ဒါကြောင့် သားကြီးအိမ်မှာ လိုက်နေခဲ့တယ်။ ချွေးမရဲ့အငြိုအစူကို ကြုံခဲ့ရသလို သားကြီးရဲ့ယောက္ခမတွေက ကျွန်မကို မတူသလိုမတန်သလို ဆက်ဆံတာခံခဲ့ရပြန်တယ်။ ကျွန်မကတော့ သားအချစ်မြေးအနှစ်ဆိုသလို မြေးလေးတွေကို ငုံထားမတတ်ချစ်ခဲ့တယ်။ တစ်နေ့တော့ သားကြီးက ကျွန်မကို ပြောရှာတယ်။

"အမေ သားတို့အိမ်မှာက သားတစ်ယောက်လုပ်စာပဲရှိတယ်။ ငွေပိုငွေလျှံဆိုတာလဲမရှိဘူး။ ဒီတော့ အငယ်မတို့ဆီမှာ သွားနေကြည့်ပါလား။ သူတို့က နည်းနည်းပြေလည်တယ်အမေ။ အခုလိုပြောတာ သားကို ခွင့်လွှတ်ပါ"

သားကြီးက ကျွန်မကို လက်အုပ်လေးချီပြီးပြောတော့ ကျွန်မ မျက်ရည်ကျရတယ်။

"အမေခွင့်လွှတ်ပါတယ်သားရယ်။ သားပြောသလို အမေ အငယ်မဆီမှာ သွားနေလိုက်ပါ့မယ်"

ဒီလိုနဲ့ပဲ ကျွန်မ သမီးဆီမှာ သွားနေလိုက်တယ်။ သမက်ကလဲ ချွေးမလိုပါပဲ။ သမီးကလဲ ကျွန်မကို ချစ်ပေမဲ့ သမက်ကြောင့် ရဲရဲမချစ်ဝံ့ဘူး။

"ခင့်ရဲ့အမေ နေပုံထိုင်ပုံက အရူးမကြီးလိုပဲ။ သူရောက်လာမှပဲ အလုပ်အကိုင်တွေက အဆင်မပြေဘူး။ လာဘ်ပိတ်တယ်။ အိမ်ပေါ်က နှင်ချလိုက်ကွာ"

ညဘက်မှာ သမက်ပြောနေတဲ့စကားတွေ။ ဩော်. . . ကျွန်မက အရူးမကြီးတဲ့လား။ လာဘ်ပိတ်တယ်တဲ့လား။ ကျွန်မမျက်ရည်တွေစီးကျလာတယ်။ ကျွန်မကြောင့် သမီးအနေခက်မှာ မလိုလားပေ။ ဒါကြောင့် ကျွန်မ သမီးတို့အိမ်ကနေ ထွက်ခွာလာရပြန်ပြီ။ ကျွန်မလက်နဲ့ ကျွန်မကိုယ်တိုင်ပြုစုခဲ့တဲ့ အသီးအပွင့်လေးတွေကြည့်ပြီး ပီတိဖြာခဲ့တယ်။ ခူးဆွတ်စားသုံးဖို့ စိတ်မကူးခဲ့ပါဘူး။ ဒါပေမဲ့ မေတ္တာဆိုတဲ့ သူတို့ရင်ထဲက အသီးလေးကိုတော့ အမောပြေလေး စားချင်ခဲ့မိတယ်။

(၄)

ခြေဦးတည့်ရာလျှောက်သွားနေရင်း ကျွန်မဒီနေရာကို ရောက်ခဲ့တယ်။ တိတ်ဆိတ်နေတဲ့တစပြင်ရဲ့ဇရပ်ကို ကျွန်မအိမ်သဖွယ်နေထိုင်တယ်။ ကျွန်မဝမ်းဗိုက်က ဆာလာရင် ရွာထဲ တောင်းရမ်းစားသောက်လိုက်တယ်။ တချို့က စေတနာနဲ့ကျွေးကြတယ်။ တချို့ကတော့-

"ဟာ အရူးမကြီး။ အိမ်ရှေ့က မြန်မြန်သွားဗျာ။ လာဘ်ပိတ်တယ်"လို့ အော်ငေါက်ကြတယ်။ ကျွန်မကတော့ တဟင်းဟင်းနဲ့ ရယ်လျက်ပါပဲ။

"ဆွမ်းတော်ဗျို့"

အသံလာရာဆီကြည့်မိတော့ ကလေးတစ်ယောက်က ကြေးစည်ကိုင်ပြီး အော်လာတယ်။ နောက်က ဦးပဉ္စင်းလေးတစ်ပါးက သိက္ခာကြန့်ရှိရှိနဲ့ သပိတ်လေးပိုက်ပြီးကြွလာတယ်။ ကျွန်မရင်ထဲမှာ လှူချင်တဲ့စိတ်က တဖွားဖွားဖြစ်လာတယ်။ ကျွန်မလက်ထဲက ထမင်းထုပ်လေးကို ဦးပဉ္စင်းလေးထံ လှူလိုက်တယ်။

"ဒကာမကြီး စိတ်နှလုံးအေးမြပါစေ။ လိုရာဆန္ဒတွေလဲ ပြည့်ဝပါစေ"

ကျွန်မ လက်အုပ်ကလေးချီပြီး "ပေးတဲ့ဆုနဲ့ပြည့်ရပါစေ ဘုရား"လို့ ဆိုလိုက်တယ်။

ကျွန်မရင်ထဲမှာ ပီတိကလှိုက်ခနဲ။ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျလာတယ်။ ကျွန်မငယ်ငယ်ကတည်းက အလှူအတန်းဆိုတာ ဘာမှန်းမသိခဲ့ဘူး။ လှူတယ်ဆိုတာ ဒါကိုပြောတာလား။ အဲဒီနေ့က ကျွန်မ ထမင်းမစားဘဲ ဗိုက်ပြည့်နေခဲ့တယ်။

(၅)

ဒီနေ့ ကျွန်မရဲ့အစိုးမရတဲ့စိတ်က သူ့အလိုလိုပျော်နေတယ်။ ထဘီကို သေချာပြင်ဝတ် အင်္ကျီကို သေသေသပ်သပ်ဖြစ်အောင် တစ်ချက်ဆွဲချလိုက်တယ်။ ပြီးတော့ ဒေါ်စန်းမြင့်ဆိုတဲ့ အုတ်ဂူပေါ်မှာ တွယ်ကပ်ပေါက်ပြီးပွင့်နေတဲ့ တောပန်းတွေကိုခူးလို့ ဖွေးနေအောင်ပန်လိုက်တယ်။ ကျွန်မကိုယ်ကျွန်မ ၁၇ နှစ်အရွယ်ကို ပြန်ရောက်သွားသလို ထင်မိသေးတယ်။ မနေ့က ဆွမ်းခံတဲ့ဦးပဉ္စင်းလေးက ပြောသွားတယ်။

"ဒကာမကြီး မနက်ဖြန်ကျရင် ဘုန်းကြီးကျောင်းကို လာခဲ့ပါ။ မနက်ဖြန်ဥပုသ်နေ့တရားနာရမယ်။ ထမင်းလဲ စားရမယ်"

ဒါကြောင့် ကျွန်မရဲ့ခြေလှမ်းတွေက ဘုန်းကြီးကျောင်းဆီကို ဦးတည်သွားနေမိတယ်။ လူတွေကတော့ ကျွန်မကို တအံ့တဩနဲ့ ကြည့်နေကြတယ်။ ကျွန်မကတော့ မမှုပေါင်။

"ကြည့်ပါအုံး။ ဒေါ်အုန်းခင် ဘုန်းကြီးကျောင်းကို များ သွားမလို့လား မသိပါဘူး။ ခေါင်းမှာ ပန်းတွေ ကလဲဖွေးလို့"

ဘုန်းကြီးကျောင်းဝင်းထဲကိုဝင်ဝင်ချင်း ကျွန်မရဲ့စိတ်နှလုံးဟာ အေးချမ်းစပြုလာခဲ့တယ်။ ကျွန်မကို ဘယ်သူကမှ အဖက်လုပ်ပြီး စကားလာမပြောကြဘူး။ ကျွန်မအတင်းကိုတော့ ပြောနေကြမှာသေချာသလောက်ပဲ။ ထမင်းကျွေးတဲ့နေရာမှာ ကျွန်မဝင်ထိုင်လိုက်တယ်။

"ဟာ ဒေါ်အုန်းခင်။ ထမင်းစားခါနီး လက်ဆေးလေဗျာ"

"နေပါစေကွာ။ သူက ရူးနေတာ။ သွားမပြောပါနဲ့"

လာပြန်ပြီနောက်တစ်ယောက်။ ကျွန်မရူးနေတာတဲ့။ ရူးတာပဲကောင်းပါတယ်။ မစားရတာကြာပြီဖြစ်တဲ့ ဟင်းတွေကို ကျွန်မ အငမ်းမရစားသောက်မိတယ်။ ဆွမ်းခံကြွတဲ့ ဦးပဉ္စင်းလေးကတော့ ကျွန်မကို ပြုံးပြီး ကြည့်ရှာတယ်။ ကျွန်မဘဝမှာ ကုသိုလ်ဆိုတာမလုပ်ဖူးသေးဘူး။ အကုသိုလ်တွေပဲဖြစ်နေတယ်။ ဒါကြောင့် ဘုန်းကြီးကျောင်းကို ရောက်လက်စနဲ့ မုခ်ဦးပေါက်မှာရှိတဲ့ သောက်ရေအိုးစင်ကို ရေဖြည့်ပေးခဲ့တယ်။ နံရံမှာ မှန်တစ်ချပ်လဲ ကပ်ထားတယ်။ ကျွန်မလဲ သားသမီးတွေနဲ့ လုပ်ကိုင်ရှာဖွေစားသောက်နေရတော့ မှန်ဆိုတာလဲ မကြည့်ချင်ခဲ့ဘူး။ အခုတော့ ပီတိဖြစ်နေတဲ့ ကျွန်မမျက်နှာကလေးကို မြင်ချင်မိခဲ့တယ်။ မျက်နှာတစ်ဝိုက်သာပေါ်နေတဲ့ မှန်ကိုကြည့်မိတဲ့အချိန်မှာတော့-

"အို"မြင်တွေ့လိုက်ရတာက ဇရာချဉ်းနေတဲ့ မိန်းမကြီးတစ်ယောက် လှပမှုဆိုတာ ကျွန်မမျက်နှာမှာမရှိတော့ဘူး။ ကျွန်မရဲ့ဆံပင်တွေက ဖြူရော်ဖွာစုတ်နေကြတယ်။ ပါးရိုးတွေက ငေါထွက်နေပြီ။ မွဲခြောက်ခြောက်မျက်ဝန်းထဲမှာ အရည်ကြည်များ ပြည့်လျှံလာလျက်။

"ဒကာမကြီး"

ကျွန်မလှည့်ကြည့်မိတော့ ဦးပဉ္စင်းလေး။ ဦးပဉ္စင်းလေးရဲ့မျက်နှာလေးက ပကတိအေးချမ်းနေလျက်။

"ဒကာမကြီး ပြန်တော့လေ"

"တင်ပါ့ဘုရား။ တပည့်တော် သောက်ရေအိုးတွေ ရေဖြည့်ပြီးပါပြီ။ တပည့်တော်ကို ပြန်ခွင့်ပြုပါအုံးဘုရား" ကျွန်မ ဦးပဉ္စင်းလေးရဲ့ခြေတော်ရင်းမှာ ပုဆစ်တုပ်ပြီး ဦးသုံးကြိမ်ရှိခိုးတယ်။

"သာဓု သာဓု သာဓု"

ကျွန်မ ဦးပဉ္စင်းလေးကို ရှိခိုးပြီးလှည့်အထွက် မျက်ရည်စက်တွေက လွင့်ခနဲကြွေသွားကြတယ်။ ခါးဆီက စူးအောင့်တဲ့ဝေဒနာကို ခံစားလိုက်ရတယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ မအိုပါနဲ့လို့ပြောလို့မရဘူး။ မနာပါနဲ့လို့လဲ ပြောလို့မရခဲ့ဘူး။ ဇရာကိုတော့ ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး။ ဒါပေမဲ့ ကျွန်မမသေခင်လေးတော့ ကျွန်မသိပ်ချစ်တဲ့ သားသမီးတွေ၊ မြေးတွေကို တွေ့သွားချင်မိတယ်။

# လက်ထပ်စဉ်က နည်းလမ်းမကျခဲ့သော်ငြားလည်း

**စိန်လှိုင်ပိုလ်**

၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံတရားစီရင်ထုံး နှစ်တွဲ ထွက်ရှိခဲ့သည်။ စီရင်ထုံးစာအုပ်နှစ်အုပ်စလုံးမှာ ထူထူထဲထဲရှိလှသည်။ ထုံးဖွဲ့ထားသောအမှုများမှာလည်း လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယနေ့တိုင် တရားစီရင်ရေးလောကတွင် မှီငြမ်းကိုးကားနေရဆဲဖြစ်သည်။ ၎င်းစီရင်ထုံးများထဲမှ ပြည်သူအများ သိသင့်သိထိုက်သော လမ်းညွှန်စီရင်ထုံးတစ်ခုကို ရှာဖွေဖော်ထုတ်ရေးသားတင်ပြပါဦးမည်။ ဇနီးက ခင်ပွန်းအပေါ် မယားစရိတ်ပေးရန် လျှောက်ထားသောအမှုဖြစ်သည်။ နိုင်ငံတော်တရားရုံးချုပ်တွင် တရားသူကြီး ဦးချစ်က ပြင်ဆင်မှုကို ခုံရုံးဖွဲ့၍ စဉ်းစားဆုံးဖြတ်သင့်ကြောင်း ထောက်ခံချက်အပေါ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်က အကျယ်တဝင့်ဆင်ခြင်သုံးသပ်ဆုံးဖြတ်ခဲ့သောအမှုဖြစ်သည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ မခင်ရီက ကိုသန်းငွေ (ခ) မစ္စတာပီဂျိတာရှန်းရာရှင်ထံမှ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၈၈ အရ မယားစရိတ်ရရန် ရန်ကုန်မြို့ စတုတ္ထရာဘက်တရားသူကြီးရုံးတွင် စွဲဆိုခဲ့သည်။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ မူလရုံးတွင် မခင်ရီကို စစ်ဆေးနေခိုက် ကိုသန်းငွေက ၎င်းတို့သည် ခရစ်ယာန်ဂိုဏ်းဝင်များဖြစ်ကြသဖြင့် ခရစ်ယာန်ထိမ်းမြားလက်ထပ်ရေးဥပဒေအရ လက်မထပ်ခဲ့ခြင်းကြောင့် မခင်ရီသည် ၎င်း၏ တရားဝင်ဇနီးမဟုတ်ကြောင်း၊ ၎င်းထံမှ မယားစရိတ်မရထိုက်ကြောင်း ထုချေခဲ့သည်။

မူလရုံးတရားသူကြီးက ၎င်းတို့သည် ခရစ်ယာန်ထိမ်းမြားရေးအက်ဥပဒေအရ လက်ထပ်ထိမ်းမြားခြင်းမပြုခဲ့သော်လည်း မိတ်ဆွေများကို ဂရင်းဟော်တယ်သို့ ဖိတ်ကြားကျွေးမွေးပြီး အကြင်လင်မယားအဖြစ် အသိအမှတ်ပြုစေခဲ့ခြင်းနှင့် နှစ်နှစ်တိုင် ပေါင်းသင်းခဲ့ကြပြီးမှ လင်မယားအဆင်မပြေကြ၍ မခင်ရီအား အိမ်တွင်မနေနိုင်အောင် ညှင်းပန်းနှိပ်စက်သောကြောင့် မခင်ရီက ကိုသန်းငွေထံမှ မယားစရိတ်တောင်းခံခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေအရ လက်ထပ်ထိမ်းမြားခြင်းမပြုခဲ့သော်ငြားလည်း ၎င်းတို့သည် မြန်မာတိုင်းရင်းသားလူမျိုးများဖြစ်ကြ၍ လင်မယားအဖြစ် နေထိုင်ခဲ့ကြောင်း ကျော်စောသတင်းရှိသည့်အားလျော်စွာ တရားဝင်ဇနီးမောင်နှံအဖြစ် ယူဆရန်ရှိသည်ဟု အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ကိုသန်းငွေက မကျေနပ်သဖြင့် ဟံသာဝတီခရိုင်နှင့် ရန်ကုန်ခရိုင်စက်ရှင်ရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ ပြင်ဆင်မှုရုံးမှ မူလရုံးယူဆချက်သည် တရားဥပဒေအရ မှားယွင်းပါသဖြင့် ပယ်ဖျက်ပေးပါရန် တရားရုံးချုပ်သို့ အစီရင်ခံခဲ့သည်။ တရားရုံးချုပ်က နှစ်ဖက်သောရှေ့နေကြီးများ၏ တင်ပြချက်များကို ကြားနာပြီး အဆုံးအဖြတ်ပေးရန်အချိန်မရောက်သေးဟု ယူဆ၍ နှစ်ဖက်သောအမှုသည်များနှင့် သက်သေများကို စစ်ဆေးပြီး တရားရုံးချုပ်သို့ ပြန်လည်တင်ပြရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်အတိုင်း မူလရုံးက ဆောင်ရွက်ပြီး တရားရုံးချုပ်သို့ တင်ပို့ခဲ့သည်။ ဤသို့သောအမှုများသည် အများပြည်သူအတွက် အလွန်အရေးကြီးသော အမှုမျိုးဖြစ်သည်ဟု ယူဆသဖြင့် တရားရုံးချုပ်အနေဖြင့် တရားသူကြီးတစ်ဦးတည်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ပေးခြင်းထက် စုံညီခုံရုံးဖွဲ့၍ အဘက်ဘက်မှ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး အဆုံးအဖြတ်ပေးပါက သင့်လျော်မည်ဟု ယူဆကြောင်း သုံးသပ်၍-

**“လင်နှင့်မယားအဖြစ် အတူအိုးအိမ်ထူထောင်လာခဲ့ကြ၍ ရပ်ရွာက လင်မယားအဖြစ် အသိအမှတ်ပြုခဲ့ကြသော ယောက်ျားနှင့် မိန်းမတို့ရှိခဲ့ကြရာ ၎င်းတို့အချင်းချင်း မသင့်မတင့်ကြ၍ ခွဲခွာနေထိုင်ကြသောအခါ၌ မိန်းမက မယားစရိတ်ကို ရာဇဝတ်ကျင့်ထုံးအရ လျှောက်ထားတောင်းခံသည်။ ထိုအခါ ယောက်ျားဖြစ်သူက မူလ၎င်းတို့လက်ထပ်ထိမ်းမြားခဲ့စဉ်က ဘာသာရေးအရ လိုက်နာရမည့် နည်းနာကျင့်စဉ်များနှင့်မညီ ချို့ယွင်းခဲ့သည်ဖြစ်၍ တရားဝင်လင်မယားအဖြစ်ကို မရောက်ခဲ့၊ ထို့ကြောင့် မယားစရိတ်ပေးရန်မရှိဟု အောင်မြင်စွာစုနစ်နိုင်ပါသလော”**ဟူသော ပြဿနာကို အထက်ပါအတိုင်း ဖော်ထုတ်ခဲ့သည်။



**စုံညီခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မခင်ရီက မယားစရိတ်တောင်းခဲ့သည့် လျှောက်လွှာပထမပိုဒ်တွင် “လျှောက်ထားသူသည် လျှောက်ထားခံရသူနှင့် ညွှန်ပရိုသတ်များရှေ့တွင် ထိမ်းမြားလက်ထပ်ပြီးနောက် အကြင်လင်မယားအဖြစ် အတူနေထိုင်ခဲ့ပါသည်”ဟု မြွက်ဆိုခဲ့သည်။ ကိုသန်းငွေက ချေလွှာတင်သွင်းရာ၌ ထိုအပိုဒ်ပါအချက်အလက်များ မှန်ပါသည်ဟု ဝန်ခံခဲ့သည်။ လင်မယားကွဲကွာနေရခြင်းမှာ မခင်ရီက သစ္စာမဲ့ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မခင်ရီသည် မယားစရိတ်မရထိုက်ဟု ချေပခဲ့ခြင်းကို စိစစ်ဖော်ထုတ်ခဲ့သည်။

မခင်ရီက ရုံးသို့တက်ရောက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၄၈၈ အရ စရိတ်တောင်းသောအခါ **လင်မယားဟုတ်ကြောင်း အစတွင် ကိုသန်းငွေက** ဝန်ခံခဲ့သော်လည်း မခင်ရီအစစ်ခံသောအခါတွင်မှ လက်ထပ်ကြစဉ်အခါက ခရစ်ယာန်လက်ထပ်ထိမ်းမြားရေးအက်ဥပဒေပုဒ်မ ၄ နှင့် ၅ အရ ခရစ်ယာန်ဘုန်းကြီး၊ မှတ်ပုံတင်အရာရှိ စသည်တို့မပါခဲ့၍ မခင်ရီသည် တရားဝင်မယားမဟုတ်။ စရိတ်မရထိုက်ဟု လျှောက်လဲခဲ့သော်လည်း ကိုသန်းငွေက ထုချေလွှာတွင် ဝန်ခံထားခြင်းနှင့် ဆန့်ကျင်သဖြင့် နောက်မှ အကြံရ၍ တင်ပြသော ချေပချက်ဖြစ်သည်ဟု စုံညီခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို စောင့်ရှောက်ကာကွယ်ရန် အစိုးရတွင် လူမှုရေးအရ တာဝန်ရှိကြောင်း၊ ၎င်းတို့ မည်သည့်ဘာသာကိုးကွယ်သည်က ပဓာနမဟုတ်။ လက်ထပ်ထိမ်းမြားအိမ်ထောင်တည်ရေးသည် ဘာသာရေးကိစ္စမဟုတ်။ လူမှုရေးကိစ္စဖြစ်ကြောင်း ကျွန်ုပ်တို့နိုင်ငံ၌ အစွန်းရှည်စွာလက်ခံကျင့်သုံးခဲ့ကြသည်။ ဤအမှုတွင် မခင်ရီသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးမဟုတ်၍ ၁၉၅၄ ခုနှစ်၊ အထူးထိမ်းမြားမှုဥပဒေတွင် အကျုံးမဝင်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုဥပဒေအရ ဤအမှုကို ဆုံးဖြတ်ရန်မဟုတ်ကြောင်း စုံညီခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

ဤအမှုတွင် မခင်ရီသည် အရည်အချင်းချို့ငဲ့ခြင်းမရှိခဲ့ဘဲ လက်ထပ်ရာတွင် ဘုန်းကြီး သို့မဟုတ် မှတ်ပုံတင်အရာရှိရှေ့မှောက်၌ ပြုလုပ်ရန် ပျက်ကွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ပျက်ကွက်ရသည်မှာလည်း ကိုသန်းငွေကပင် တရားဝင်လင်ခန်းမယားခန်း မြောက်နိုင်ပါသည်ဆိုသောကြောင့် ဖြစ်ခဲ့ရသည်ဟု အထောက်အထားများရှိကြောင်း၊ လူအများရှေ့မှောက်၌ လက်ထပ်ခဲ့ကြပြီးနောက် နှစ်နှစ်ကျော်လည်း နှစ်ဦးအထင်အရှား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ လက်ထပ်နေထိုင်ခဲ့ကြောင်းကိုလည်း ကိုသန်းငွေက အမှု၌ ချေလွှာတင်ရာတွင် ဝန်ခံခဲ့ပြီးမှ လက်ထပ်စဉ်က နည်းလမ်းမကျခဲ့သည်ကို အခွင့်အရေးယူနိုင်မည်ဆိုလျှင် သဘာဝတရားမျှတမှုနှင့် ဆန့်ကျင်ပေလိမ့်မည်။ ထိမ်းမြားလက်ထပ်ရေးဥပဒေကို အခွင့်အရေးယူရာရောက်ပေလိမ့်မည်ဟု စုံညီခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

အထက်ပါကဲ့သို့ အကြောင်းအချက်များနှင့် ဥပဒေအတွေးအခေါ် အစိုးရ၏ လူမှုရေးဝါဒများကို ထောက်ချင့်၍ ပေါ်ပေါက်သောပြဿနာပေါ်တွင် ကျွန်ုပ်တို့က ဤသို့ဖြေဆိုဆုံးဖြတ်သည်။ **“ကိုသန်းငွေ၏ ဝန်ခံချက်နှင့် အခြားအထောက်အထားများကြောင့် လက်ထပ်ခဲ့စဉ်က နည်းလမ်းနှင့် အပြည့်အဝကိုက်ညီမှုမရှိခဲ့ခြင်းကြောင့် ၎င်းသည် မခင်ရီအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၈၈ အရ မယားစရိတ်ပေးရန် တာဝန်မရှိဟု ခုခံခြင်းမပြုနိုင်ကြောင်း တိကျရှင်းလင်းစွာ ဆင်ခြင်သုံးသပ်ခဲ့သည်။ ၎င်းက မခင်ရီသည် သစ္စာမဲ့ခဲ့၍ မယားစရိတ်မရထိုက်ဟူ၍ မူလကတင်ပြခဲ့သည့် တစ်ခုတည်းသောခုခံချက်ကိုသာ ဆက်လက်စစ်ဆေး၍ အမှုကိုဆုံးဖြတ်ပေးရန်ဖြစ်ကြောင်း၊ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်မခံဘဲ စက်ရှင်ရုံး၏ပြင်ဆင်မှုကို အထက်ပါမှတ်ချက်ဖြင့် အမှုတွဲကို ပြန်လည်ပေးပို့ခဲ့သည်။ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၃၂(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ ကိုသန်းငွေ (ခ) ပီဂျိတာရှန်းနှင့် မခင်ရီအမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။**

# ဘားအံမြို့နယ် ခဲတောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခဲတောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ခဲတောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)နှင့် ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောက်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခဲတောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပထမနှစ် စက်ဝန်းအဖြစ် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။ **သူသု**



# ပွင့်ဖြူမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါး ဧက ၁၅၀၀၀ စိုက်ပျိုးသွားမည်



မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါး ဧက ၁၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းဖြင့် နွေစပါးစိုက်ဧက ၁၅၀၀၀ စိုက်ပျိုးခြင်းကို တောင်မုန်းမြောင်းမကြီးဆည်ရေသောက် ဧရိယာတွင် ကျေးရွာအုပ်စု ၂၀ မှ ဒေသခံတောင်သူ ၅၂၇၃ ဦး၏ စပါးစိုက်လယ်မြေကွင်းပေါင်း ၇၉ ကွင်း၌ အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနများပူးပေါင်းပြီး နွေစပါးစိုက်ပျိုးမည် ကျေးရွာများမှ ဒေသခံတောင်သူများကို တွေ့ဆုံ၍ တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ ဆန်စပါးရိက္ခာဖူလုံစေဖို့နဲ့ အရည်အသွေးကောင်းမွန်တဲ့ ဆန်စပါးတွေပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ဖို့အတွက် ရည်ရွယ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနဲ့ နွေစပါးစိုက်ဧက ၁၅၀၀၀ စိုက်ပျိုးထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်က ကျေးလက်နေ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးစေဖို့နဲ့ နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝတဲ့ ဆန်စပါး စားရိက္ခာဖူလုံစေဖို့ ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးမဲ့ တောင်သူတွေကို စိုက်ပျိုးရေးအဆင်ပြေစေဖို့ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်း ထုတ်ချေးပေးသွားမှာဖြစ်ပြီးတော့ နွေစပါးသီးနှံပေါ်ချိန်မှာ ပြန်လည်ပေးဆပ်သွားရမှာ ဖြစ်ပါတယ်။ နွေစပါးပေါ်ချိန်မှာလဲ တောင်သူတွေ နွေစပါးသီးနှံ အဆင်ပြေစွာ ရောင်းချနိုင်ဖို့အတွက် စီမံကိန်းလုပ်ငန်းစဉ်မှာ ဖွဲ့စည်းထားတဲ့ ဆန်စပါး ကြိတ်ခွဲဖြန့်ဖြူးရေးလုပ်ငန်းကော်မတီက ကာလပေါက်ဈေးအတိုင်း ဝယ်ယူပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်ရွှေမြို့နယ်တွင် မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ခရီးသွားဧည့်သည်များ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် မိုင်းလီရပ် မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့တွင်းလမ်းဖြစ်သော မိုင်းလီရပ် မင်္ဂလာလမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အိအိဖြိုးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသကာ အမှုဆောင်အရာရှိက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် မိုင်းလီရပ် မင်္ဂလာလမ်းတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၃၅၀၀၀၀၀ ဖြင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အိအိဖြိုးက ပြောပြ၍ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မန်တုံ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်နှင်းသဇင်ဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်နှင်းသဇင်ဦးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။



မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်လေးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၉၂၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Platinum Village၊ ရတနာသိုက်နန်း၊ အောင်ဇမ္ဗူလင်းလက်၊ မင်းနန်းတော်ကုမ္ပဏီတို့က ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းပြီးစီးသဖြင့် မန်ဆွန်ကျေးရွာရှိ အိမ်ခြေ ၅၆ အိမ်၊ လူ ၂၈၉ ဦးတို့၏ စိုက်ပျိုးမြေ ၁၂၄ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေဧကများမှ ထွက်ရှိသောထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး(နည်းပညာ)ဒေါ်နှင်းသဇင်ဦးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မင်းကင်းမြို့နယ် မြို့မကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းကင်း ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့မကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၇၀ ဒသမ ၉ သန်းကို မြို့မကျေးရွာမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်းကင်းမြို့နယ် မြို့မကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က မြို့မကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၇၀ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်ရိုရ်**



# မုံရွာခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၂၁ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၂၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်ဧက ၁၀၀၀ ကျော်စိုက်ပျိုးထားပါတယ်။ ငရုတ်ကို ဆောင်းမှာစိုက်ကြတာ။ ငရုတ်ကို တိုးချဲ့စိုက်ပျိုးဖို့နဲ့ စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၂၁ ဧက၊ အရာတော်မြို့နယ်တွင် ၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၆၅၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငရုတ် စိုက်ပျိုးသူများအနေဖြင့် ငရုတ်သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိရန်အတွက် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိသော ချာနိုဘိုင်းနျူကလီးယားမတော်တဆမှု

ကမ္ဘာပေါ်တွင် လူသိအများဆုံးနှင့် အကြီးမားဆုံး နျူကလီးယားမတော်တဆမှုတစ်ခုမှာ ချာနိုဘိုင်းနျူကလီးယား မတော်တဆမှုဖြစ်သည်။ ၎င်းကို ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် အဆိုးရွားဆုံးသော နျူကလီးယားမတော်တဆမှုအဖြစ် သတ်မှတ်ခဲ့ကာ ယနေ့တိုင် ထိုမတော်တဆမှု၏ သက်ရောက်မှုသည် သစ်ပင်ပန်းမန်များ၊ သတ္တဝါများနှင့် လူသားများအတွက် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေသည်။ အဆိုပါ နျူကလီးယားမတော်တဆပေါက်ကွဲမှုသည် ယခင် ဆိုဗီယက်ပြည်ထောင်စု၏ ချာနိုဘိုင်းမြို့အနီး၌ ၁၉၈၆ ခုနှစ် ဧပြီ ၂၆ ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယနေ့ခေတ်အရ ယူကရိန်းနိုင်ငံ ပရီပရတ်မြို့ရှိ ချာနိုဘိုင်းနျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ယူကရိန်းသည် ထိုအချိန်က ဆိုဗီယက်ပြည်ထောင်စု၏ ပြည်နယ်တစ်ခုဖြစ်ပေသည်။

ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့သော နျူကလီးယားစွမ်းအင်စက်ရုံဟောင်းပတ်ဝန်းကျင်သည် နောက်ထပ်နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် သက်ရှိနှင့်လူသားများနေထိုင်ရန် မဖြစ်နိုင်သေးကြောင်း သိပ္ပံပညာရှင်များကပြောကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး မတော်တဆမှုမဖြစ်ခင်က ထိုမြို့တွင် နျူကလီးယားစွမ်းအင်အတွက် ငွေကြေးအမြောက်အမြားကို ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ၎င်းစက်ရုံကို ၁၉၇၇ ခုနှစ်တွင် ဆိုဗီယက်သိပ္ပံပညာရှင်များကြီးကြပ်ခဲ့ပြီး RBMK အမျိုးအစား နျူကလီးယားဓာတ်ပေါင်းဖိုလေးခုကို အဆိုပါနျူကလီးယားစွမ်းအင်စက်ရုံတွင် တပ်ဆင်ထားခဲ့ကြသည်။ RBMK ဆိုသည်မှာ ဆိုဗီယက်မှ ဒီဇိုင်းထုတ်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုအမျိုးအစားဖြစ်ပြီး ၎င်း၏လောင်စာအဖြစ် ကြွယ်ဝသော ယူရေနီယမ်ကို အသုံးပြုထားသည်။ ၎င်းကို ဂရပ်ဖိုက်အားထိန်းညှိပေးသည့်အနေဖြင့် အသုံးပြုထားခြင်းဖြစ်ပြီး ပလူတိုနီယမ်ထုတ်လုပ်မှုအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သော်လည်း လျှပ်စစ်ထုတ်လုပ်ရန်အတွက်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည်။

အဆိုပါနျူကလီးယားစက်ရုံသည် ယူကရိန်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြားရှိ နယ်စပ်တွင်တည်ရှိသည်။ အဆိုပါမတော်တဆမှုသည် နျူကလီးယားစွမ်းအင်စက်ရုံ၏ စတုတ္ထမြောက် ဓာတ်ပေါင်းဖိုများအတွက် အလုပ်သမားများသည် ဓာတ်ပေါင်းဖိုမှ အအေးခံနိုင်ခြင်းရှိ၊ မရှိကို စမ်းသပ်ကာ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်နေစဉ်အတွင်း အလုပ်သမားများသည် ဓာတ်ပေါင်းဖိုကိုပိတ်ရန် ကြိုးပမ်းခဲ့သော်လည်း ဓာတ်ရောင်ခြည်စွမ်းအင်များကြောင့် စက်ရုံအတွင်း၌ ပြင်းထန်သောပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပိတ်ရန် မအောင်မြင်ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် ဓာတ်ပေါင်းဖိုသည် ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ရေဒီယိုသတ္တိကြွပစ္စည်းများစွာသည် လေထဲသို့ပျံ့နှံ့သွားခဲ့သည်။ ထိုသို့မတော်တဆမှုဖြစ်ခဲ့သော ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုသည် နျူကလီးယားစွမ်းအင်ကိုအသုံးပြုခဲ့သည့် အသုံးပြုမှုသမိုင်းတွင် အဆိုးရွားဆုံးသော မတော်တဆမှုအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရသည်။

ထိုအချိန်က ပေါက်ကွဲထွက်လာသော ရေဒီယိုသတ္တိကြွမှုကို တားဆီးပေးမည့်အကာအကွယ်အဆောက်အအုံများ မရှိသေးသည့်အတွက် ပေါက်ကွဲမှုမှထွက်လာသည့် ရေဒီယိုသတ္တိကြွ နျူကလီးယားအကြွင်းအကျန်များသည် ဆိုဗီယက်ပြည်ထောင်စုအနောက်ပိုင်း၊ အရှေ့ဥရောပ၊ စကင်ဒီနေးဗီးယား၊ ဗြိတိန်နှင့် အမေရိကန်အရှေ့ပိုင်းတို့သို့ လွင့်စဉ်ပျံ့နှံ့သွားခဲ့သည်။ ရေဒီယိုသတ္တိကြွ နျူကလီးယားအကြွင်းအကျန်များ၏ သက်ရောက်မှုသည် ယူကရိန်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သို့လည်း ပျံ့နှံ့ကာ ဆိုးကျိုးသက်ရောက်မှုများကို ဆိုးဆိုးရွားရွားခံစားခဲ့ကြရသည်။ ရေဒီယိုသတ္တိကြွ နျူကလီးယားအကြွင်းအကျန်များ၏ ၇၀ ရာခိုင်နှုန်းသော ရေဒီယိုသတ္တိကြွ လွင့်စဉ်မှုများသည် ဘယ်လာရုစ်နိုင်ငံအတွင်း လွင့်စဉ်ကျရောက်ခဲ့သည့်အတွက် နိုင်ငံအတွင်းရှိ လူပေါင်းနှစ်သိန်းခန့်ကို နေရာမှဖယ်ရှားခဲ့ရပြီး အခြားသောနေရာများတွင် နေထိုင်စေခဲ့ရသည်။

ချာနိုဘိုင်းမတော်တဆဖြစ်မှုအပြီးတွင် RBMK အမျိုးအစား ဓာတ်ပေါင်းဖိုများ၌ အထူးသဖြင့် ထိန်းချုပ်ရေးပိုင်း၊ သိုလှောင်မှုပိုင်းနှင့် တည်ဆောက်ပုံတို့တွင် ဒီဇိုင်းချို့ယွင်းချက်တချို့ရှိသည်ကို တွေ့ရှိခဲ့သည့်အတွက် ၁၉၈၆ ခုနှစ်နောက်ပိုင်းတွင် RBMK အမျိုးအစားဓာတ်ပေါင်းဖိုများ၌ အဆိုပါချို့ယွင်းချက်ပြဿနာများကို ဖြေရှင်းရန်နှင့် အနာဂတ်လုပ်ငန်းဆောင်တာများတွင် ဘေးကင်းစေရန်အတွက် သိသာ



နျူကလီးယား မတော်တဆမှုဖြစ်ပွားခဲ့သည့် ချာနိုဘိုင်းဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။

ထင်ရှားသော ဒီဇိုင်းပြောင်းလဲမှုတချို့ပြုလုပ်ခဲ့ကြသည်။

ချာနိုဘိုင်းနျူကလီးယားစွမ်းအင်စက်ရုံမှ စတုတ္ထဓာတ်ပေါင်းဖိုသည် အဆိပ်အတောက်ဖြစ်စေသော ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လအနည်းငယ်ကြာသည့်တိုင် ဓာတ်ပေါင်းဖိုအတွင်းရှိ ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်သည့် ကွန်ကရစ်၊ သံမဏိပမာဏများစွာနှင့် ဓာတ်ရောင်ခြည်များသည် လေထုထဲတွင် ပျံ့နှံ့နေဆဲဖြစ်ခဲ့သည်။ ထို့ကြောင့် ၎င်းအဆောက်အအုံဟောင်းကို ဓာတ်ရောင်ခြည်ပျံ့နှံ့ခြင်းမှကာကွယ်ရန် ဖျက်ဆီးခဲ့ကြရသည်။ ဓာတ်ရောင်ခြည်ကိုထပ်မံမထုတ်လွှတ်နိုင်အောင် ဓာတ်ပေါင်းဖို၏ဗဟိုကိုကာကွယ်ရန်မှာ အလွန်အရေးကြီးသည့်အတွက် အကာအကွယ်အရံအတားများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် ရေဒီယိုသတ္တိကြွပစ္စည်းများပျံ့နှံ့မှုကို ပိုမိုစိတ်ချစွာ တားဆီးနိုင်ရေးအတွက် အသစ်ပြုလုပ်ထားသောအကာအရံများဖြင့် ထပ်မံကာရံခဲ့သည်။

နျူကလီးယားစွမ်းအင်စက်ရုံအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွင် နျူကလီးယားဆိုးကျိုးသက်ရောက်မှုများ စတင်ခဲ့သည်။ မီးသတ်သမားများက မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်ကြိုးပမ်းခဲ့သော်လည်း ပေါက်ကွဲမှုသည် ပြင်းထန်လွန်းလှသည့်အတွက် နောက်ဆုံးတွင် ရဟတ်ယာဉ်များအသုံးပြုကာ သဲများ၊ ခဲမြေများနှင့် အခြားမီးလောင်မှုကို လျော့ကျစေမည့်ပစ္စည်းများ ဓာတ်ပေါင်းဖိုအဝအတွင်း လောင်းချခြင်းဖြင့် မီးကိုငြိမ်းသတ်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ကြသည်။ ၎င်းမတော်တဆပေါက်ကွဲမှုအတွင်း လူနှစ်ဦးသေဆုံးခဲ့ရပြီး အလုပ်သမားများနှင့် မီးသတ်သမားအများအပြား ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် မတော်တဆဖြစ်ပွားမှုသည် ပြင်းထန်သည့်အတွက် လောင်ကျွမ်းမှုကို ဦးစွာငြိမ်းသတ်ပြီးနောက် ၃၆ နာရီအကြာမှသာ ၎င်းနေရာဒေသတွင်နေထိုင်သောသူများကို ကယ်ဆယ်ရေးလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ခဲ့သည်။

ချာနိုဘိုင်းမတော်တဆမှု၏ အကျိုးဆက်များကို ဖော်ပြရမည်ဆိုလျှင် ချာနိုဘိုင်းနျူကလီးယား မတော်တဆမှုအတွင်း လူ ၂၈ ဦးသေဆုံးခဲ့ရပြီး လူဦးရေ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဗြိတိန်နိုင်ငံ၊ သိပ္ပံကော်မတီမှ သိပ္ပံပညာရှင်များ၏ ဓာတ်ရောင်ခြည်များ၏ အကျိုးသက်ရောက်မှု လေ့လာချက်များအရ နျူကလီးယားစွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်မှ ဓာတ်ရောင်ခြည်နှင့် ထိတွေ့ပြီးနောက် ကလေးငယ်များနှင့် ဆယ်ကျော်သက် ၆၀၀၀ ကျော်တို့တွင် သိုင်းရွိုက်ကင်ဆာဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် မတော်တဆမှုသည် လုပနေသောရှခင်းများကို ဖျက်ဆီးပစ်လိုက်ပြီး နှစ်ပေါင်းအတော်ကြာသည့်တိုင် ခြောက်သွေ့နေသော ကန္တာရကဲ့သို့သောပျက်စီးမှုကိုဖြစ်ပေါ်စေခဲ့သည်။ လေထုထဲတွင် ပျံ့နှံ့နေသော ရေဒီယိုသတ္တိကြွမှုများစွာပါဝင်သော အမှုန်အမွှားများကြောင့် ပရီပရတ်မြို့တွင်း နေထိုင်သူများ၌ အကျိတ်ကင်ဆာများ ဖြစ်ပေါ်စေခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ စုစုပေါင်းခန့်မှန်းခြေအားဖြင့် လူပေါင်း ၄၀၀၀ ခန့်သည် မြင့်မားသောဓာတ်ရောင်ခြည်များနှင့်ထိတွေ့ခဲ့ရသည့်အကျိုးဆက်ကြောင့် ကင်ဆာဖြစ်ပွားမှုနှုန်းများ မြင့်မားလာသည်ကို တွေ့ရသည်။ ၎င်းဓာတ်ရောင်ခြည်နှင့် ဆက်စပ်အကျိုးဆက်များမှာ စိတ်ကျန်းမာရေးနှင့် နောက်ဆက်တွဲမျိုးဆက်ပြန့်ပွားမှုများအပေါ်တွင်လည်း သက်ရောက်မှုများရှိခဲ့ကြောင်းကို ထပ်မံတွေ့ရှိခဲ့သဖြင့် နျူကလီးယားဓာတ်ပေါင်းဖို၏မတော်တဆဖြစ်မှုသည် ပတ်ဝန်းကျင်၊ လူသားများနှင့် သက်ရှိအားလုံးတို့အပေါ်တွင် ဆိုးရွားသောသက်ရောက်မှုများကို ဖြစ်စေသည့်အတွက် အလွန်အရေးကြီးသော အကြောင်းအရာအဖြစ် ယနေ့ထိ ဆွေးနွေးငြင်းခုံနေဆဲဖြစ်သည်။

ယနေ့ခေတ်တွင် ၎င်းနျူကလီးယားဓာတ်ပေါင်းဖိုပတ်ဝန်းကျင်အတွင်းရှိသော ဓာတ်ရောင်ခြည်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် စောင့်ကြည့်စစ်ဆေးမှုများ အားထုတ်ပြုလုပ်ခဲ့ကြသည်။ ဓာတ်ပေါင်းဖိုမှ ပေါက်ကွဲလွင့်စဉ်လာသော အကြွင်းအကျန်များကို ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင်တီထွင်ခဲ့သော ကြီးမားသောသံမဏိကိုယ်ထည်အဆောက်အအုံအတွင်း၌သာ ရှိအောင်နှင့် အပြင်သို့မပျံ့အောင် ပြုလုပ်ခဲ့ကြသော်လည်း အနည်းဆုံး ၂၀၆၅ ခုနှစ်ထိ စောင့်ကြည့်လေ့လာခြင်းများပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

နျူကလီးယားစွမ်းအင်စက်ရုံမှ လုပ်သားများအဓိကနေထိုင်ကြသော ပရီပရတ်မြို့သည် နျူကလီးယား မတော်တဆမှုဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ထိုမြို့သည် စွန့်ပစ်ထားသည့် တစ္ဆေသဲကန္တာရမြို့ပျက်ကြီးကဲ့သို့ဖြစ်လာပြီး ၎င်းမြို့ကို ရေဒီယိုသတ္တိကြွပျံ့နှံ့မှုများရှိ၊ မရှိ လေ့လာရန် ဓာတ်ခွဲခန်းမြို့အဖြစ်သာ အသုံးပြုတော့သည်။

နျူကလီးယားစွမ်းအင်များတွင် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်းရှိသည့်အတွက် ၎င်း၏ရေရှည်သက်ရောက်မှုများကို ဆန်းစစ်ရန်မှာ လိုအပ်ပြီး အရေးကြီးလှသည်။ ထို့ကြောင့် မတော်တဆမှုဖြစ်ပွားရာအနီး သစ်တောနှင့်ပတ်ဝန်းကျင်ရှိ သက်ရှိသတ္တဝါများကို စမ်းသပ်စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ မတော်တဆမှုအပြီးတွင် ၁၀ ကီလိုမီတာခန့်ရှိသော သစ်တောဧရိယာကို အနီရောင်နယ်မြေအဖြစ်သတ်မှတ်ကာ သစ်တောအနီဟု ခေါ်ဆိုခဲ့သည်။ ထိုသို့ခေါ်ဆိုရခြင်းမှာ စိမ်းလန်းစိုပြည်ခဲ့သော သစ်ပင်များစွာသည် အစိမ်းရောင်မှ အနီရောင်၊ အညိုရောင်များအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီး လေထုအတွင်းပျံ့နှံ့နေသည့် ဓာတ်ရောင်ခြည်များကို ပမာဏများစွာစုပ်ယူပြီးနောက် သေဆုံးခြောက်သွေ့သွားသောကြောင့်ဖြစ်သည်။

ထိုမတော်တဆဖြစ်မှုကြောင့် ဆိုဗီယက်နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးလုပ်ငန်းအပေါ် စိုးရိမ်မှုတိုးမြင့်ခဲ့ပြီး အချိန်အတန်ကြာသည်ထိ လုပ်ငန်းတိုးချဲ့ခြင်းများ မရှိခဲ့ကြောင်းသိရသည်။ ထိုအချိန်နောက်ပိုင်းတွင် ရုရှား၊ ယူကရိန်းနှင့် ဘယ်လာရုစ်တို့သည် သီးခြားနိုင်ငံများ ဖြစ်လာခဲ့ပြီး ၎င်းနိုင်ငံများသည် လေထုအတွင်းပျံ့နှံ့နေသော နျူကလီးယား ညစ်ညမ်းမှုကို ဖယ်ရှားရန်နှင့် မတော်တဆဖြစ်မှုကြောင့် ဖြစ်လာသည့်နောက်ဆက်တွဲပြဿနာများကိုဖြေရှင်းရန် ငွေကြေးမြောက်မြားစွာ အကုန်အကျခံခဲ့ရသည်။

ထို့ပြင် မတော်တဆမှုအတွင်း ရေဒီယိုသတ္တိကြွမှု၊ ဓာတ်ရောင်ခြည်များနှင့် ထိတွေ့ခြင်းကြောင့် ကင်ဆာဖြစ်နိုင်သည့် အလားအလာများလည်း ထိုနိုင်ငံများတွင် များပြားခဲ့သည်။ သို့သော်လည်း လူပေါင်းမည်မျှသည် ချာနိုဘိုင်းမတော်တဆမှုကြောင့် ကင်ဆာဖြစ်ခဲ့ရသည်ကိုမူ အတိအကျပြောရန်မှာခက်ခဲလှပေသည်။ နိုင်ငံတကာ နျူကလီးယားစွမ်းအင်အေဂျင်စီ၏အဆိုအရ မတော်တဆမှုကြောင့် လူ ၅၆ ဦး သေဆုံးခဲ့ရသည်ဟု ဆိုခဲ့သည်။ သေဆုံးသူများထဲမှ ၄၇ ဦးမှာ ထိုမတော်တဆမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သော အလုပ်သမားများဖြစ်ပြီး ကိုးဦးမှာ သိုင်းရွိုက်ကင်ဆာဖြင့် သေဆုံးခဲ့ရသော ကလေးငယ်များဖြစ်သည်။ နိုင်ငံတကာ နျူကလီးယားစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာအရ လူပေါင်း ၄၀၀၀ ခန့်ပင် ထိုမတော်တဆမှုနှင့်ပတ်သက်သော နာတာရှည်ရောဂါများဖြင့် သေဆုံးနိုင်သည်ဟု ခန့်မှန်းထားသော်လည်း Green Peace နှင့် အခြားအဖွဲ့အစည်းများကမူ ၎င်းခန့်မှန်းချက်သည် များသည်ဟု ဆိုကြသည်ကို လေ့လာတွေ့ရှိရကြောင်းနှင့် ချာနိုဘိုင်းမတော်တဆမှုကို သာဓကထား၍ နျူကလီးယားစွမ်းအင်၏ အကျိုးသက်ရောက်မှုများအကြောင်းကို ဗဟုသုတရစေရန်အလို့ငှာ ဖော်ပြအပ်ပါသည်။

**ကိုးကား**

- **The Chernobyl disaster: What happened, and the long-term impacts**

**မောင်ထွန်း**

# ရေဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ရန်ကုန်မြို့သို့ ဇန်နဝါရီလအတွင်း တန်ချိန် ၈၂၀၀၀ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် ဇန်နဝါရီ ၃၁**

ရေဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ရန်ကုန်မြို့သို့ ဇန်နဝါရီလအတွင်း တန်ချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချပေးခဲ့ရကြောင်း ရေဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဒေါ်ယုယုလှိုင်က ပြောပြ၍ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ငါးတန်၊ ငါးမုတ်၊ ပုစွန် ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ရန်ကုန်မြို့သို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ၃၁ ရက်အတွင်း တန်ချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးတန်၊ ငါးမုတ်၊ ပုစွန် ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို တန်ချိန် ၅၆၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇန်နဝါရီလအတွင်း ရေထွက်ကုန်ပစ္စည်းသုံးမျိုးတန်ချိန် ၂၆၀၀၀၀ ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လက်ရှိတင်ပို့ရောင်းချထားတဲ့ တန်ချိန်တွေက ပုသိမ်မြို့ကနေ တိုက်ရိုက် တင်ပို့ရောင်းချထားတဲ့ တန်ချိန်တွေဖြစ်ပါတယ်။ အရင်ကထက် ပိုမိုတင်ပို့ရောင်းချထားရတာပါ။ ရေဝတီတိုင်းဒေသကြီးဘက်က နေထွက်တဲ့ ရေထွက်ကုန်ပစ္စည်းတွေကို အရင်ကတည်းက တင်ပို့ရောင်းချနေတာပါ။ ဝယ်လိုအားကောင်းနေပေမဲ့ ငါးတွေ၊ ပုစွန်တွေရဲ့ဈေးတွေက ပုံမှန်အတိုင်းပါပဲ။ လက်ရှိရန်ကုန်ငါးဈေးကွက်ကို ဒေသထွက် ငါးတန်၊ ပုစွန်၊ ငါးမုတ်တွေ အဓိကပို့နေရတာပါ။ တင်ပို့ကုန်များနေတော့ လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေလအဆင်ပြေလာပါတယ်"ဟု ရေဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဒေါ်ယုယုလှိုင်က ပြောပြသည်။

ရေဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက် ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ဝယ်ယူပြီး စနစ်တကျသန့်စင်စစ်ဆေးကာ ရန်ကုန်ဈေးကွက်သို့ကုန်တင်ကားများအသုံးပြု၍ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ တင်ပို့ရောင်းချထားသည့် ရေထွက်ကုန်ပစ္စည်းသုံးမျိုး၏ ဈေးနှုန်းများမှာ ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၊ ပုစွန်များသည် လတ်ဆတ်မှုအပေါ် မူတည်ပြီး ပုစွန်ဆိတ်မှ ဖော့ချိတ်ပုစွန်ထိ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၂၃၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် နမ့်မူဆယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်မူဆယ်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုစားဝတ်နေရေး အခက်အခဲများလျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နမ့်မူဆယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**







## "ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ"



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး
ဉာဏ်တော်အမြင့် (၆၃)ပေ၊ ပလ္လင်တော်အမြင့် (၁၈)ပေ



ပိဋကတ်ကျောက်စာဓမ္မစေတီတော်
(ကျောက်စာချပ်- အလျား၄၅"၊အမြင့်၉၃"၊
အထူ၇.၅")၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်
(ပါဠိရိုမန်အင်္ဂလိပ်/ပါဠိမြန်မာ)



အလှူရှင်၏ ကမ္ပည်းမှတ်တမ်း

### ပိဋကသုံးပုံကျမ်းစာအုပ်အလှူ

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ် အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ(Pali-Myanmar)၊ ပါဠိ - ရိုမန်(Pali- Roman) အက္ခရာ နှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ် (Creamy Coated Paper)တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံလျှင်(၂၀ သိန်း)ကျပ်နှုန်းဖြင့်** လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်အလှူ

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်များကို ကျောက်စာချပ်(၁၄၄၀)ချပ် အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားရှိကာ ကျောက်စာဓမ္မစေတီတော် **(၇၂၀)ဆူ** တည်ဆောက်ပူဇော်လျက်ရှိပြီး ကျောက်စာဓမ္မစေတီတော်တစ်ဆူလျှင် ပါဠိ - မြန်မာ (Pali-Myanmar)၊ ပါဠိ - ရိုမန် (Pali- Roman) အက္ခရာ နှစ်မျိုးတို့ဖြင့် ရေးထိုးထားသော ကျောက်စာချပ်(၂)ချပ် ပါဝင်ပါသည်။ ယခုအခါ ကျောက်စာဓမ္မစေတီတော်(၇၂၀)ဆူ အနက် (၅၆၀)ဆူ အား ဆောက်လုပ်လှူဒါန်းပူဇော်ထားရှိပြီး **(၁၆၀)ဆူ** လှူဒါန်းရန်ကျန်ရှိပါသည်။ အဆိုပါ ကျောက်စာဓမ္မစေတီတော် **တစ်ဆူလျှင်(၂၇၉ သိန်း)ကျပ်** နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် – ဖုန်း – ၀၉၄၂၈၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၁၆



## ပြင်ဦးလွင် မြေကွက်ကျယ် အမြန်ရောင်းမည်

* ပြင်ဦးလွင်၊ အောင်ချမ်းသာရွာလယ်ဗဟိုချက်မ၊ ၅လမ်းနှင့် ၆လမ်းကြား။ ရွာလယ်ဓမ္မာရုံတောင်ဖက်၊ မန္တလေး-လားရှိုးလမ်းမကြီးမှ ဆယ်စက္ကန့် မျှသာဝင်ရ၊ မျက်နှာစာ နှစ်ဖက်ပွင့်၊ သံပန်းသံတံခါးဖြင့် အဆင့်မြင့် အုတ်တံတိုင်းကာရံပြီး၊ ရေမီးအစုံ၊ ရွာမြေစစ်စစ်။
* ပေ(၁၀၀×၁၀၀) ပတ်လည်၊ အမြန်ရောင်းမည်။ ဦးရာလူရမည်။
* ဖုန်းနံပါတ် ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၁၅၁၅၇၆ သို့ ဆက်သွယ်လိုက်ပါ။



## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ ဦးမြင့်အောင်-ဒေါ်မူမူ တို့၏သား **မောင်ဖြိုးဆွေအောင် (၉/ခမစ(နိုင်)၀၇၇၄၁၅)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့်ဆွေမျိုးသားချင်းများအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမြင့်အောင် (၈/မမန(နိုင်)၀၇၀၀၃၄)**

**ဒေါ်မူမူ (၉/ခမစ(နိုင်)၀၆၇၈၈၈)**


### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်းရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိအသုံးချနိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်နေရာချထားနိုင်ခဲ့မှုကို တွေ့ရစဉ်။**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း**

စာမျက်နှာ - ၁၇

**အချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် ရတနာပုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဆိုသည်။

(ခ) **ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို ဆိုသည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၂) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၄) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

(ဂ) **ကော်မရှင်ရုံး** ဆိုသည်မှာ ကော်မရှင်၏လုပ်ငန်းများကို အထောက်အကူပြုရန် ဖွဲ့စည်းထားသောရုံးကိုဆိုသည်။

## အခန်း (၂)
## နိုင်ငံရေးပါတီတည်ထောင်ခြင်း

၃။ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)အရ ပါတီတည်ထောင်လိုသူအနည်းဆုံး ၁၅ ဦးသည် ဥပဒေနှင့်အညီ ပါတီတည်ထောင်ခွင့်ပြုရန် ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုံစံ(က)နှစ်စုံဖြင့် လျှောက်ထားရမည့်အပြင် ပါတီတည်ထောင်လိုသူတစ်ဦးချင်းက ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သူဖြစ်ကြောင်းနှင့် ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်များကို ပူးတွဲတင်ပြရမည်။

၄။ (က) ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားသောလျှောက်လွှာကို ပုံစံ(က)ပါ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခံရသူ ကိုယ်တိုင်ကော်မရှင်သို့ လာရောက်တင်သွင်းရမည်။

(ခ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ်ထားသောပုံစံဖြင့် လျှောက်လွှာတင်သွင်းသူသို့ ထုတ်ပေးရမည်။

(ဂ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကိုစိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့တင်ပြရမည်။

၅။ ကော်မရှင်သည် နည်းဥပဒေ ၃ အရလျှောက်ထားသော လျှောက်လွှာပါအချက်များကို စိစစ်၍-

(က) ဥပဒေနှင့်ညီညွတ်ကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုကြောင်းကို ပုံစံ(ခ)ဖြင့် အကြောင်းပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်းကို ပုံစံ(ဂ)ဖြင့် အကြောင်းပြန်ကြားရမည်။

၆။ နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ပါတီတည်ထောင်ခွင့်ပြုရန် ခွင့်ပြုချက်ရရှိသူများသည် မိမိတို့အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို ရွေးချယ်ပြီး ကော်မရှင်သို့ ပုံစံ(ဃ)ဖြင့်တင်ပြရမည်။

၇။ နည်းဥပဒေ ၆ အရ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း မိမိတို့တည်ထောင်လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)နှစ်စုံဖြင့် ကော်မရှင်သို့ လျှောက်ထားရမည်။ သတ်မှတ်ရက်အတွင်းလျှောက်ထားခြင်းမရှိပါက နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)ပါ ခွင့်ပြုချက်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် -

(က) လျှောက်လွှာကို ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ကိုယ်တိုင်လာရောက် တင်သွင်းရမည်။

(ခ) မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကိုကော်မရှင်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

၈။ ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေစတင်ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ကြေး ထပ်မံပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ပုံစံ(င-၁) နှစ်စုံဖြင့် ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိသည်။ အဆိုပါသတ်မှတ်ရက်အတွင်း လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၃)
## မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း

၉။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဥပဒေပုဒ်မ ၅၊ နည်းဥပဒေ ၇ သို့မဟုတ် နည်းဥပဒေ ၈ အရ လျှောက်ထားလာသည့်အခါ ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ်ထားသောပုံစံဖြင့် လျှောက်လွှာတင်သွင်းသူသို့ ထုတ်ပေးရမည်။

၁၀။ နည်းဥပဒေ ၉ အရ ဆောင်ရွက်ပြီးနောက် ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကိုစိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၁၁။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခွင့် ပြု မပြု ဆုံးဖြတ်နိုင်ရန် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းတောင်းခံစစ်ဆေးခြင်းများ ပြုနိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်လျှောက်လွှာကို ဥပဒေနှင့်အညီ စစ်ဆေးပြီးနောက်-

(က) ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုကြောင်းကို ပုံစံ(စ)ဖြင့် အကြောင်းပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်းကို ပုံစံ(ဆ)ဖြင့် အကြောင်းပြန်ကြားရမည်။

၁၃။ (က) နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(က)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း ပြည့်မီအောင် စည်းရုံးရမည်ဖြစ်ပြီး မိမိတို့စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေ ပြည့်မီသောအင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဇ)နှစ်စုံပြုစုပြီး ကော်မရှင်နှင့် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

(ခ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(က)အရ မူလသတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်ဦးရေအောက် လျော့နည်းသွားပါက ကော်မရှင်သို့ ပုံစံ(ဇ-၁)ဖြင့် ဆောလျင်စွာ တင်ပြရမည်။ ထိုသို့ တင်ပြသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ဦးရေကို ပြည့်မီအောင် စည်းရုံးပြီး ပြန်လည်တင်ပြရမည်။

(ဂ) စည်းရုံးရရှိထားသော ပါတီဝင်အင်အားစာရင်းများကို ကော်မရှင်နှင့် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လစဉ်ပြုစုပေးပို့ရမည်။

(ဃ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(ခ)ပါအတိုင်း သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အင်အားကို ပြည့်မီအောင် ထပ်မံစည်းရုံးတင်ပြခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၄။ (က) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)အရ ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို အသုံးမပြုရ။

(ခ) ပါတီတစ်ခု၏ အလံနှင့် တံဆိပ်တို့တွင် နိုင်ငံတော်အလံနှင့် တံဆိပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလံနှင့် တံဆိပ်၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော အဖွဲ့အစည်းများ၏ အလံနှင့် တံဆိပ်တို့ကို ထည့်သွင်း၍ သော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း အသုံးမပြုရ။

(ဂ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ဥပဒေပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့်တူညီနေလျှင်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်နေလျှင်လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန်ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လျှောက်လွှာကို ပယ်ရမည်။

(ဃ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုကခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကော်မရှင်က သင့်လျော်သည့်နည်းဖြင့် ကြော်ငြာရမည်။ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်ခြင်းခံရပါက ယင်းပါတီ၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်ကို ပြင်ဆင်စေရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကန့်ကွက်ခံရသော ပါတီ၏ လျှောက်လွှာကို ပယ်ရမည်။

၁၅။ ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း ကော်မရှင်က တွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု တစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ဆ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(ဇ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဈ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်းတွေ့ရှိခြင်း၊

(ည) ဥပဒေပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားခြင်း။

၁၆။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီတစ်ရပ်ရပ်သည် ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ (၂) နှင့် (၃)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များ၌ မိမိပါတီကို ကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၀)ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိလျှင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၁၇။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို နည်းဥပဒေ ၁၃၊ ၁၅ နှင့် ၁၆ တို့အရ ပယ်ဖျက်ပါက ယင်းပါတီကို နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း သက်ဆိုင်ရာပါတီသို့ ပုံစံ(ဈ)ဖြင့် အကြောင်းကြားရမည်။

၁၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း ပါတီများအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြစေရန် လိုအပ်သလိုကြီးကြပ်နိုင်သည်။

အချပ်ပို ၂ သို့

အချပ်ပို ၁ မှအဆက်

## အခန်း ( ၄ )

## ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၉။ ပါတီတစ်ခုသည် ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေးနှင့်ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည် -

(က) ပါတီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ပါတီ၏ ရငွေသုံးငွေများကိုလည်းကောင်း ပြုစုထားသည့်ငွေစာရင်း စာအုပ်များ။

(ခ) ပါတီကဝယ်ယူရရှိထားသော ပစ္စည်းများကိုလည်းကောင်း၊ ပါတီသို့လှူဒါန်းထားသော ငွေကြေးနှင့် ပစ္စည်းများကို လည်းကောင်း စာရင်းရေးသွင်းမှတ်တမ်းတင်ထားသည့် မှတ်တမ်းစာအုပ်။

၂၀။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

၂၁။ ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို မိမိပါတီအားကိုယ်စားပြု၍ရွေးကောက်ခံသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ အထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ အထိလည်းကောင်း သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသောငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်းအသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။

၂၂။ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီတစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်းပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

၂၃။ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က သို့မဟုတ် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စစ်ဆေးနိုင်သည်။ ယင်းသို့စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

## အခန်း ( ၅ )

## အထွေထွေ

၂၄။ ပါတီတစ်ခုသည် ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကိုပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါပြင်ဆင်ချက်များကို ကော်မရှင်သို့ တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

၂၅။ ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ဖွဲ့စည်းပြီး မှတ်ပုံတင်လိုပါက -

(က) သက်ဆိုင်ရာ ပါတီအသီးသီး၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကိုယ်တိုင် လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ပါတီပူးပေါင်းခွင့် တင်ပြလျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -

(၁) ပါတီများပူးပေါင်းရန် သဘောတူဆုံးဖြတ်ထားသည့် သက်ဆိုင်ရာပါတီအသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများ။

(၂) ပါတီတစ်ခုတည်းအဖြစ်ပူးပေါင်း၍ မှတ်ပုံတင်ခွင့်ရရှိပါက သက်ဆိုင်ရာပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများအားလုံးသည် ပူးပေါင်းတည်ထောင်သည့်ပါတီ၏ ပါတီပိုင်ပစ္စည်းများ ဖြစ်စေရမည်ဟူသော ဝန်ခံချက်များ။

(ဂ) နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို ခွင့်ပြုကြောင်း ကော်မရှင်၏ အကြောင်းပြန်ကြားချက်ကိုရရှိပါက ပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်မည့်ပါတီသည် ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ထပ်မံလျှောက်ထားရမည်။ ပူးပေါင်းမည့်ပါတီများသည် ပါတီအမည်အသစ်ဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ(ခ)ပါ မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ထပ်မံပေးသွင်းရမည်။ ပူးပေါင်းမည့် ပါတီများသည် မူလပါတီတစ်ခုခု၏အမည်ဖြင့်သာ ဆက်လက်မှတ်ပုံတင်ခွင့်လျှောက်ထားပါက မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ထပ်မံပေးသွင်းရန်မလိုပါ။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ လျှောက်ထားချက်ကို ကော်မရှင်ကစိစစ်ပြီး လျှောက်ထားသည့်အတိုင်း ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်အခါ သက်ဆိုင်ရာနိုင်ငံရေးပါတီများ၏ ယခင်မှတ်ပုံတင်ထားခြင်းကို အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပါတီများပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်သည့်ကိစ္စတွင် ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် ယင်းတို့ပူးပေါင်းဖွဲ့စည်းမှတ်ပုံတင်လိုက်သည့် နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်းဆန္ဒရှိပါက ထိုသို့ ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

၂၆။ ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ ယင်းပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ပုံစံ(င)နှစ်စုံပူးတွဲ၍ ကော်မရှင်သို့ တင်ပြလျှောက်ထားနိုင်သည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ယင်းပါတီသည် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း၊ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း ကြေညာချက်ထုတ်ပြန်ရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

၂၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကို အခါအားလျော်စွာခေါ်ယူ၍ တွေ့ဆုံဆွေးနွေးခြင်း၊ ညွှန်ကြားခြင်းများပြုနိုင်သည်။

၂၉။ ဤနည်းဥပဒေများအရဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက် ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇ - ၃ -၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၀ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိုး

ဥက္ကဋ္ဌ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပုံစံ ( က )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီတစ်ခု တည်ထောင်လိုကြောင်း လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့သည် ------------------- ပါတီကို တည်ထောင်ရန် ဆန္ဒတူညီကြသဖြင့် တည်ထောင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော် / ကျွန်မတို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ ပါ အချက်များနှင့် ကိုက်ညီသူများဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၆ ပါ အချက်များကို လည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၃။ ဤလျှောက်လွှာနှင့်အတူ ပါတီတည်ထောင်လိုသူ တစ်ဦးချင်းစီ၏ ဝန်ခံချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၄။ ကော်မရှင်ကဆက်သွယ်ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် အမှတ်စဉ် ---------- ပါ ဦး/ဒေါ် -------------------- ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

<u>ပါတီတည်ထောင်လိုသူများ</u>

| | |
|---|---|
| (၁) လက်မှတ်၊ -------------------- | (၂) လက်မှတ်၊ ----------------------- |
| အမည် ၊ -------------------- | အမည် ၊ ----------------------- |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------- | ကတ်ပြားအမှတ်၊ --------------- |
| နေရပ်လိပ်စာ၊ ---------------- | နေရပ်လိပ်စာ၊ ----------------- |
| ---------------- | ----------------- |
| (၃) လက်မှတ်၊ -------------------- | (၄) လက်မှတ်၊ ----------------------- |
| အမည် ၊ -------------------- | အမည် ၊ ----------------------- |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------- | ကတ်ပြားအမှတ်၊ --------------- |
| နေရပ်လိပ်စာ၊ ---------------- | နေရပ်လိပ်စာ၊ ----------------- |
| ---------------- | ----------------- |
| (၅) လက်မှတ်၊ -------------------- | (၆) လက်မှတ်၊ ----------------------- |
| အမည် ၊ -------------------- | အမည် ၊ ----------------------- |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------- | ကတ်ပြားအမှတ်၊ --------------- |
| နေရပ်လိပ်စာ၊ ---------------- | နေရပ်လိပ်စာ၊ ----------------- |
| ---------------- | ----------------- |

အချပ်ပို ၃ သို့

အချပ်ပို ၂ မှအဆက်

(၇) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၈) လက်မှတ်၊ ------------------------
အမည် ၊ ------------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ ---------------
နေရပ်လိပ်စာ၊ ------------------
------------------

(၉) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၀) လက်မှတ်၊ ------------------------
အမည် ၊ ------------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ ---------------
နေရပ်လိပ်စာ၊ ------------------
------------------

(၁၁) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၂) လက်မှတ်၊ ------------------------
အမည် ၊ ------------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ ---------------
နေရပ်လိပ်စာ၊ ------------------
------------------

(၁၃) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၄) လက်မှတ်၊ ------------------------
အမည် ၊ ------------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ ---------------
နေရပ်လိပ်စာ၊ ------------------
------------------

(၁၅) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

---

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် -------------------------------- ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ---------------------------------------------------ပါတီ တည်ထောင်လိုသူ (    )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို -----------------ရက်နေ့ -------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် ------ ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ | ရုံးတံဆိပ် | လျှောက်လွှာလက်ခံသူ

အမည်၊ ------------------------ | အမည်၊ -------------------------------------
တာဝန်၊ ------------------------ | ရာထူး/တာဝန်၊ --------------------------
------------------------ ပါတီ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

---

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် -------------------------------- ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ----------------------------------------------------------ပါတီ တည်ထောင်လိုသူ (        )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို -----------------ရက်နေ့ ----------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် -----ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ | ရုံးတံဆိပ် | လျှောက်လွှာလက်ခံသူ

အမည်၊ --------------------- | အမည်၊ -------------------------------------
တာဝန်၊ --------------------- | ရာထူး/တာဝန်၊ --------------------------
------------------------ ပါတီ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

---

[ ပုံစံ(က)၏ ပူးတွဲ ]

## ပါတီတည်ထောင်လိုသူ၏ဝန်ခံချက်

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ----------------- အဘ --------------၏ သား/သမီး ---------------------------(မွေးသက္ကရာဇ်)-------------(အလုပ်အကိုင်) -------------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------ ကိုင်ဆောင်ထားသူသည် -----------ပြည်နယ်/တိုင်း ------------ခရိုင်၊ ---------------မြို့နယ်၊ -------ရပ်ကွက်၊ --------------- လမ်း၊ အိမ်အမှတ်-------------- /အိမ်အမှတ် ---၊ -------လမ်း၊---------------ရွာ၊------------------ ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

**ရှင်းလင်းချက်။** မိမိအမှန်တကယ် ကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုသာ ဖော်ပြရမည့်အပြင် ယင်းသက်သေခံလက်မှတ်၏ မိတ္တူမှန်ကိုပါ ပူးတွဲတင်ပြရမည်။

၂။ ကျွန်တော်/ကျွန်မသည် --------------- ပါတီကို တည်ထောင်၍ စည်းရုံးရန် ဆန္ဒတူညီလိုလားသူတစ်ဦး ဖြစ်ပါသည်။

၃။ ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူတစ်ဦး ဖြစ်ပါသည်။

(ခ) အသက် ၂၅နှစ်ပြည့်ပြီးသူဖြစ်ပါသည်။

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ပါ။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါ။

(င) ထောင်ဒဏ်ကျခံနေရသူမဟုတ်ပါ။

(စ) နိုင်ငံတော်အားလက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သောအဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ပါ။

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသူ မဟုတ်ပါ။

(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ပါ။

၄။ ထို့ပြင် ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်။

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ပါ။

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ပါ။

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို

အချပ်ပို ၄ သို့

အချပ်ပို ၃ မှအဆက်

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း မပြုပါ။

၅။ ကျွန်တော်/ကျွန်မသည် ယခုတည်ထောင်ရန် လျှောက်ထားသည့် ပါတီ တစ်ခုတည်း၌သာ ပါတီဝင်အဖြစ် ပါဝင်မည်ဖြစ်ပါသည်။

၆။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်းဝန်ခံပါသည်။

လက်မှတ်၊ ------------------

အမည်၊ --------------------

ပုံစံ ( ခ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ ၊ ခုနှစ်၊ လ ရက်

သို့

ဦး/ဒေါ်---------------

----------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ ------------------- **ပါတီတည်ထောင်ရန် ခွင့်ပြုကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏------------ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော ------------ ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ပါတီတည်ထောင်သည့်အခါ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၆ နှင့်အညီ ခေါင်းဆောင် တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို အမြန်ဆုံးရွေးချယ်ပြီး ဤကော်မရှင် သို့ ပုံစံ(ဃ)ဖြင့် လာရောက်တင်ပြရမည်။

၄။ ထို့နောက် နည်းဥပဒေ ၇ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)ဖြင့် အပိုမိတ္တူတစ်စုံကိုပါပူးတွဲ၍ ကော်မရှင်သို့ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို

- ရုံးလက်ခံ

ပုံစံ (ဂ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

သို့

ဦး/ဒေါ် ---------------------

------------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ --------------------------- **ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏------------ ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော------------ ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ --------------- အရ ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရ ပါသဖြင့် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို

- ရုံးလက်ခံ

ပုံစံ (ဃ)

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ရွေးချယ်တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊--------------------------

၁။ အထက်ရည်ညွှန်းပါစာဖြင့် တည်ထောင်ခွင့်ပြုခဲ့သော -------------- ပါတီသည် မူလလျှောက်ထားစဉ်ကပါဝင်သော အဖွဲ့ဝင်အားလုံးက ------------- ရက်နေ့တွင် အစည်းအဝေးပြုလုပ်၍ အောက်တွင်ဖော်ပြသော ပုဂ္ဂိုလ်နှစ်ဦးအား ပါတီ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အဖြစ် အများသဘောတူ ရွေးချယ်ထားပါ ကြောင်း တင်ပြအပ်ပါသည်။အစည်းအဝေးတက်ရောက်သူများအားလုံး လက်မှတ် ရေးထိုးထားသော အစည်းအဝေးမှတ်တမ်းကိုလည်း ပူးတွဲတင်ပြအပ်ပါသည် -

(က) ခေါင်းဆောင်

(၁) အမည်၊ ---------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------

(၃) အဘအမည်၊ ---------------------------------------

(၄) နေရပ်လိပ်စာ၊ ------------------------------------

(ခ) ဒုတိယခေါင်းဆောင်

(၁) အမည်၊ ---------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------

(၃) အဘအမည်၊ ---------------------------------------

(၄) နေရပ်လိပ်စာ၊ ------------------------------------

၂။ အပိုဒ်(၁)ပါ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့၏ ထိုးမြဲလက်မှတ် နမူနာများကိုလည်း အသိအမှတ်ပြုနိုင်ရန် အောက်တွင်ဖော်ပြအပ်ပါသည် -

| (က) ခေါင်းဆောင် | (ခ) ဒုတိယခေါင်းဆောင် |
|---|---|
| လက်မှတ်၊ ---------------- | လက်မှတ်၊ ----------------- |
| ----------------- | ----------------- |
| ----------------- | ----------------- |

**မှတ်ချက်။** ကော်မရှင်ရှေ့မှောက်တွင် ကိုယ်တိုင်လာရောက်၍ လက်မှတ် နမူနာရေးထိုးရန် ဖြစ်ပါသည်။

ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

-------------------------------------------- ပါတီ

အချပ်ပို ၅ သို့

အချပ်ပို ၄ မှအဆက်

ပုံစံ ( င )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊------------------------------

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က --------------------ပါတီအား တည်ထောင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ခွင့်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မတို့၏ -----------------ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါအချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ -----------------------------------------------------------

(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)

(ဂ) ခေါင်းဆောင်အမည်၊ ----------------------------------------------

(ဃ) ဒုတိယခေါင်းဆောင်အမည်၊ ----------------------------------------

(င) ပါတီတည်ထောင်ခွင့်ပြုသည့်ရက်စွဲ၊ -----------------------------

(စ) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊--------------------
-----------------------------------------------------------------------------

(ဆ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)

(ဇ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကို လည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဈ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(ဋ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

(ဌ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။

(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ သြဇာခံယူခြင်း ပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။

(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

အချပ်ပို ၆ သို့

အချပ်ပို ၅ မှအဆက်

၃။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူများ

| ဓာတ်ပုံ | ဓာတ်ပုံ |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------- | အမည်၊------------------------- |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊------------- | ကတ်ပြားအမှတ်၊------------- |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

-------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို ---------ရက်နေ့ -------နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | | အမည်၊ ------------------------ |
| တာဝန်၊ ------------------- | ရုံးတံဆိပ် | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

---

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------ ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို---------ရက်နေ့ -------နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | | အမည်၊ ------------------------ |
| တာဝန်၊ ------------------- | ရုံးတံဆိပ် | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

ပုံစံ ( င - ၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့၏--------------------ပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ နှင့် အကျုံးဝင်သောပါတီ ဖြစ်ပါသည်။ ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါ အချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ --------------------------------------------------------

(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)

(ဂ) ခေါင်းဆောင်အမည်၊ ------------------------------------------------

(ဃ) ဒုတိယခေါင်းဆောင်အမည်၊ -------------------------------------------

(င) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊-----------------------
--------------------------------------------------------------------

(စ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့်ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)

(ဆ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဇ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ဈ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် --------------ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(ဋ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။

(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

အချပ်ပို ၇ သို့

**အချပ်ပို ၆ မှအဆက်**

(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။

(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

၂။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူများ

| ဓာတ်ပုံ | ဓာတ်ပုံ |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------ | အမည်၊------------------------ |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------ | ကတ်ပြားအမှတ်၊ ------------ |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

-------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို --------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------ | ရုံးတံဆိပ် | အမည်၊ ----------------------- |
| တာဝန်၊ ------------------ | | ရာထူး/တာဝန်၊ --------------- |
| --------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

---

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

--------------------------------------ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို -------------ရက်နေ့ ------------- နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------ | ရုံးတံဆိပ် | အမည်၊ ----------------------- |
| တာဝန်၊ ------------------ | | ရာထူး/တာဝန်၊ --------------- |
| --------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

ပုံစံ ( ၈ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ------------------------ **ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ----------------------၏--------ရက်စွဲပါလျှောက်လွှာ

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လျှောက်ထားသော -------------ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင်/ ---------------တိုင်းဒေသကြီး/--------------ပြည်နယ်အတွင်းစည်းရုံးမည့် နိုင်ငံရေးပါတီအဖြစ် ဤကော်မရှင်က --------------- နေ့ရက်မှစ၍ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ----------------- ပါတီ၏ မှတ်ပုံတင်အမှတ်မှာ ----------- ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် အပိုဒ် (၁)ပါ နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့ရက်ထက် နောက်မကျစေဘဲ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (စ)နှင့်အညီ ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀/ ၁၀၀၀ ပြည့်မီအောင်စည်းရုံးပြီး၊ ပါတီဝင်အင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(၉) နှစ်စုံဖြင့် ကော်မရှင်သို့ တင်ပြရန်ဖြစ်ပါသည်။

၄။ ပါတီဝင်အင်အား ထပ်မံစည်းရုံးရရှိပါက ပုံစံ(၉)ဖြင့်လည်းကောင်း၊ ပါတီဝင်အင်အား လျော့နည်းသွားပါက ပုံစံ(၉-၁)ဖြင့်လည်းကောင်း ဥပဒေပုဒ်မ ၁၃ နှင့်အညီ ကော်မရှင်သို့ တင်ပြရမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------

( လိပ်စာ ------------------------ )

ပုံစံ ( ၁၀ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ------------------------ **ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ -------------------၏----------ရက်စွဲပါ လျှောက်လွှာ

**အချပ်ပို ၈ သို့**

**အချပ်ပို ၇ မှအဆက်**

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် ------------------------- ပါတီအား မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ------------------နှင့် ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဤကော်မရှင်က မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------

( လိပ်စာ ------------------------ )

ပုံစံ ( ၈ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီဝင်အင်အားစာရင်း ပြုစုပေးပို့ခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊---------------------

၁။ -------------------------------- ပါတီသည် -----------------ရက်နေ့မှစ၍ အထက် ရည်ညွှန်းချက်ပါစာဖြင့် နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင်အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ သတ်မှတ်ထားသော ပါတီဝင်ဦးရေ ၁၀၀၀၀၀/၁၀၀၀ ကို ပြည့်မီအောင်စည်းရုံးပြီးဖြစ်ပါသည်။ မြို့နယ်အလိုက် စည်းရုံးရရှိပြီးသည့် ပါတီဝင် အင်အားစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) -------------------- မြို့နယ်၊ --------------- ယောက်

(ခ) -------------------- မြို့နယ်၊ --------------- ယောက်

(ဂ) -------------------- မြို့နယ်၊ --------------- ယောက်

(ဃ) ( စသည်ဖြင့် )

မြို့နယ်ပေါင်း -------------၊ ပါတီဝင်စုစုပေါင်း------------ယောက်

၂။ ယင်းပါတီဝင်များ၏ စာရင်းကို ပုံစံ(၈)၏ပူးတွဲဖြင့်ပြုစု၍ မြို့နယ်အလိုက် စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

------------------------ ပါတီ

[ပုံစံ (၈) ၏ ပူးတွဲ]

-------------------- ပါတီက စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်း

-------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း

( နည်းဥပဒေ ၁၃ )

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | ပါတီဝင်၏ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

အထက်ဖော်ပြပါ ပါတီဝင်များသည် ဥပဒေပုဒ်မ ၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ကြပြီး အထက်ဇယားတိုင်ပါ လက်မှတ်များမှာ ၎င်းတို့ကိုယ်တိုင် ရေးထိုးထားသော လက်မှတ်များဖြစ်ကြောင်း အောက်ပါပုဂ္ဂိုလ်များက တာဝန်ခံလက်မှတ်ရေးထိုးပါသည်။

လက်မှတ်၊ ---------------------------------- လက်မှတ်၊ ----------------------------------

ဥက္ကဋ္ဌအမည်၊ ------------------------------- အတွင်းရေးမှူးအမည်၊-----------------------------

ပုံစံ ( ၈-၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လျော့နည်းသွားသော ပါတီဝင်အင်အားစာရင်း တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊ -------------------

(၂) --------------------- ပါတီ၏ - - ရက်စွဲပါ စာအမှတ်၊ -------------------

၁။ ----------------------- ပါတီသည် -------------------------ရက်နေ့မှစ၍ အထက်ရည်ညွှန်း(၁)ပါစာအရ နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင် အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါသောကြောင့် ပါတီဝင်ဦးရေ ---------- ကို စည်းရုံးရရှိပြီးဖြစ်ပါကြောင်း ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါတွင် အပိုဒ်(၁)ပါ စည်းရုံးရရှိပြီးသည့် ပါတီဝင်များအနက် အကြောင်းအမျိုးမျိုးကြောင့် ပါတီဝင်-------------ယောက် လျော့နည်းသွားပါ သဖြင့် ယင်းသို့လျော့နည်းသွားသော ပါတီဝင်စာရင်းအား ပုံစံ(၈-၁)၏ ပူးတွဲဖြင့် ပြုစု၍ မြို့နယ်အလိုက်စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

၃။ ယနေ့အထိ မိမိတို့ပါတီတွင် ပါတီဝင်အင်အား ---------------------- ဦး ကျန်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

------------------------ ပါတီ

(ပုံစံ(၈-၁) ၏ပူးတွဲ)

-------------------- ပါတီတွင် လျော့နည်းသွားသော ပါတီဝင်အင်အားစာရင်း

-------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း

( နည်းဥပဒေ ၁၃ )

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | လျော့နည်းသွားသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

လက်မှတ်၊ ---------------------------------- လက်မှတ်၊ ----------------------------------

ဥက္ကဋ္ဌအမည်၊ ------------------------------- အတွင်းရေးမှူးအမည်၊-----------------------------

ပုံစံ ( ၉ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **--------------------- ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း အကြောင်းကြားခြင်း**

ဤကော်မရှင်၏ ------------- ခုနှစ်၊ ------- လ ---------ရက်စွဲပါ စာအမှတ်၊ ------------- အရ -----------ပါတီအားမှတ်ပုံတင်အမှတ် ------ဖြင့် မှတ်ပုံတင် ခွင့်ပြုခဲ့ခြင်းကို ------- ခုနှစ်၊ -------- လ၊ ---- ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ-------------- အရ ပယ်ဖျက်ပြီး ယင်း --------------- ပါတီကိုလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ -------------- အရ နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းလိုက်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------------

( လိပ်စာ ----------------------- )